ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ (12-5-2013) (၇၄၇၈)

**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရောဝတီတံတား(မလွန်) ဖွင့်လှစ်ပေး

## မြန်မာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများအတွက် ဆက်သွယ်ကူးလူးရာလမ်းမကြီးသဖွယ် များစွာအထောက်အကူပြု

နေပြည်တော် မေ ၁၁

**မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်တိုးပင်ကျေးရွာအနီး မိကျောင်းရဲဘက်ကမ်းနှင့် မလွန်ဘက်ကမ်းတို့ကို ဆက်သွယ်တည်ဆောက်ခဲ့သော ရောဝတီတံတား(မလွန်)ကို ယနေ့ နံနက် ၈ နာရီက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။**

ဧရာဝတီမြစ်ကူးတံတားများအနက် ဖွင့်လှစ်နိုင်ခဲ့သည့် ကားလမ်း၊ ရထားလမ်းပါ တံတားကြီးလေးစင်းရှိပြီး ဧရာဝတီတံတား(ညောင်တုန်း)၊ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(စင်းခန်း)နှင့် ဧရာဝတီတံတား(မလွန်)တို့ဖြစ်ကြသည်။ ထို့ပြင် ဧရာဝတီတံတား(ရတနာသိင်္ခ)တွင်လည်း သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ ယခုဧရာဝတီတံတား (မလွန်)၏ သံမဏိသံပေါင်ပင်မတံတားအရှည်မှာ ၃၂၁၅ပေ၊ ချဉ်းကပ်တံတားအပါအဝင် ရထားလမ်း ၇၁၅၄ပေနှင့် ကားလမ်း အရှည်ပေါင်း ၅၈၃၉ပေဖြစ်သည်။

ယင်းတံတားကြီးကို ၂၀၀၉ခုနှစ် နိုဝင်ဘာလမှစတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်သည့်အတွက် ဤဒေသရှိ ဧရာဝတီမြစ်ကြီး၏အရှေ့၊ အနောက်၊ တောင်၊ မြောက်ဒေသများသို့ လွယ်ကူစွာသွားလာဆက်ဆံခရီးပေါက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဧရာဝတီမြစ်ကူးတံတားကြီးများအပါအဝင် ရထားလမ်း၊ ကားလမ်း၊ တံတားများ လုံလုံလောက်လောက် တည်ဆောက်နိုင်ခြင်းဖြင့် ပိုမိုတိုးတက်ဖြစ်ထွန်းလာမည့် အာရှဒေသ၊ အာဆီယံဒေသ စီးပွားရေး အရှိန်အဟုန်နှင့်အတူ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းဖြင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ "ဆီအိုးကြီး" ဟု တင်စားခေါ်ဆိုနိုင်သည့် မကွေးတိုင်းဒေသကြီးရှိ ဆီထွက်သီးနှံမျိုးစုံ၊ ပဲ၊ နှမ်းမျိုးစုံ၊ ကြက်သွန်၊ ချည်ထည်စသည့်ထွက်ကုန်များကို ဤတံတားကြီးမှတစ်ဆင့် ဖြတ်သန်း သယ်ပို့နိုင်ကြတော့မည်ဖြစ်သည့်အတွက် လူမှုစီးပွားဘဝမြင့်တက်လာရန် အခွင့်အရေးများ ပိုရကြတော့မည်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

ထို့ပြင် ယနေ့ မိမိတို့အားလုံး ချစ်ခင်မြတ်နိုးတန်ဖိုးထားကြသည့် ဤမြစ်ကြီးဧရာဝတီသည် ရှေးပဝေသဏီကာလကတည်းက အမိမြန်မာနိုင်ငံတော်အတွက် လူမှုရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေးတာဝန်များကို ခေတ်အခါအလိုက် ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ယခုအထိ ယင်းတာဝန်များကိုထမ်းဆောင်နေဆဲဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မြောက်ပိုင်း၊ အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများအတွက် ဆက်သွယ်ကူးလူးရာ လမ်းမကြီးသဖွယ် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံ၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်း ဆက်သွယ်ရန်အတွက်မူ အတားအဆီးသဖွယ် ပိုင်းခြားနေပါကြောင်း၊ ယခုကဲ့သို့ ၂၁ ရာစု ခေတ်ကြီးထဲတွင် ကုန်စည်ကူးသန်း ရောင်းဝယ်ရာ၌သော်လည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့ ခရီးသွားလာရာ၌သော်လည်းကောင်း "အချိန်အခါ"ကို တန်ဖိုးတစ်ခုအဖြစ် ထားတတ်လာကြပြီဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရောဝတီတံတား(မလွန်)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ)

ရောဝတီတံတား(မလွန်)အား ဝေဟင်မှ မြင်တွေ့ရစဉ်။ (အောက်ပုံ)

(သတင်းစဉ်)





ကြေးမုံ စာ တည်း ရှု ထောင့် **၁၂-၅-၂၀၁၃၊ တနင်္ဂနွေနေ့**

# စောင့်ကြည့်လေ့လာသတိထားပါ

ယနေ့ကာလ အထူးအရေးတကြီး သတိထားရမည့်အချက်မှာ အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းနှစ်လုံးဖြစ်ပါသည်။

မိုးလေဝသဌာနအဆိုအရ မြန်မာနိုင်ငံသို့ လာဖွယ်ရာမရှိဟု ဆိုသော်လည်း ပြောင်းလွယ်ဖြစ်လွယ်ပြီး အချိန်မရွေးအန္တရာယ်ကျရောက်နိုင်သဖြင့် လျှော့တွက်ထား၍ ရမည်မဟုတ်ချေ။ ခဲမှန်ဖူးသည့် စာသူငယ်သည် လူကိုမြင်တိုင်းကြောက်နေသကဲ့သို့ ဒုက္ခတစ်ခါကြုံတွေ့ဖူးသူသည် နောက်တစ်ကြိမ်ကြုံတွေ့ရမည်ကို ကြောက်တတ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်က ကြုံတွေ့ခဲ့ဖူးသည့် နာဂစ်မုန်တိုင်းကြောင့် လူ့အသက်များနှင့် အိုးအိမ်စည်းစိမ်တို့ အမြောက်အမြားပျက်စီးဆုံးရှုံးခဲ့ရသည်။ နာဂစ်မုန်တိုင်းသည် ကမ္ဘာတွင် အပျက်အစီးအဆုံးအရှုံး အများဆုံး နံပါတ်ရှစ်အဆင့်တွင် ယူခဲ့သည်။

ယခုမုန်တိုင်းသည် မြန်မာနိုင်ငံနှင့် နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ အထူးဂရုပြုဖို့တော့လိုမည်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းတစ်လုံးသည် အပူပိုင်းမုန်တိုင်း အဆင့်သို့ ရောက်ရှိခဲ့ပြီး မေ ၁၆ ရက်နံနက်ပိုင်းတွင် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု အချို့ထုတ်ပြန်ချက်များတွင် ခန့်မှန်းထားသည်။

ထို့ကြောင့် အဆိုပါခန့်မှန်းချက် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သတိဟူသည် ပိုသည်မရှိ အမြဲမပြတ်သတိပြုစောင့်ကြည့်လေ့လာသွားကြဖို့ လိုမည်ဖြစ်သည်။ ကြိုတင်ပြင်ဆင် ကာကွယ်မှုပြုခြင်းသည် ကျရောက်လာမည့် ဘေးအန္တရာယ်ကို လျော့ပါးသက်သာစေသည်။

မုန်တိုင်းလာသည်ဖြစ်စေ၊ မုန်တိုင်းမလာသည်ဖြစ်စေ မြန်မာနိုင်ငံအတွက် မုန်တိုင်းကို သတိပြုရမည့်ကာလမှာ မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့် မေလများတွင်ဖြစ်သည်။ လွန်ခဲ့သည့် ငါးနှစ်ကဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း၏ ဒဏ်ရာဒဏ်ချက်များ အပြီးတိုင်မပျောက်သေးသည့် ယနေ့ကာလတွင် နောက်တစ်ခါလာနိုင်သေးသည့်မုန်တိုင်းကို မမျှော်လင့်လိုတော့ချေ။

သို့သော် ကြိုတင်ပြင်ဆင်ထားရမည်မှာ မိမိတို့ပြည်သူများ ဘေးအန္တရာယ်ကင်းစေရန်ဖြစ်သည့်အတွက် ကြိုတင်စောင့်ကြည့် ဂရုပြုဆင်ခြင်မှုများ ပြုလုပ်ထားရမည်ဖြစ်သည်။ လက်ရှိကာလတွင် သက်ဆိုင်ရာက မုန်တိုင်းသတိပေးချက်များကို ထုတ်ပြန်လေ့ရှိရာ ရေဒီယိုကိုအမြဲမပြတ် ဖွင့်လှစ်နားထောင်နေရမည်ဖြစ်သည်။

မိမိတို့နှင့်အနီးဆုံးတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံကို ကြိုတင်သတ်မှတ်ထားရန်နှင့် အမြန်ဆုံးသွားရောက်နိုင်မည့်လမ်းကြောင်းကို ရွေးချယ်ထားရမည်ဖြစ်သည်။ မိမိနေအိမ်ကို ခိုင်ခံ့မှုရှိ မရှိ အမြဲစစ်ဆေးနေရမည်ဖြစ်သည်။ အရေးကြီးပစ္စည်းများကို အသင့်ယူဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်။ နေအိမ်အနီးရှိ ကျိုးပဲ့နိုင်သောသစ်ပင်နှင့် ပစ္စည်းတို့ကို ကြိုတင်ရှင်းလင်းထားရမည်။

အရေးပေါ်ဆက်သွယ်ရမည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်နှင့် လိပ်စာများကို ကြိုတင်ရှာဖွေအလွယ်တကူထားရှိရမည်ဖြစ်သည်။ အသင့်စားနိုင်သော တာရှည်ခံအစားအစာများကို ကြိုတင်စုဆောင်းထားရမည်။

အကယ်၍ မုန်တိုင်းတိုက်ခတ်ပါက လျှပ်စစ်မီးနှင့် ဓာတ်ငွေ့ပိုက်လိုင်းတို့ကို ဆက်သွယ်မှုဖြတ်ထားရမည်ဖြစ်သည်။ အိမ်တွင် ခိုလှုံနေခြင်းမပြုလုပ်ရပါ။ မုန်တိုင်းကင်းရှင်းကြောင်း မကြေညာမချင်း လုံခြုံသောနေရာမှ မထွက်ပါနှင့်၊ မုန်တိုင်းတွင် မပိတ်မိရန်အတွက် ခရီးသွားလာမှုဂရုပြုပါ။ မြွေနှင့် လျှပ်စစ်အန္တရာယ်တို့ကို သတိထားပါ။

ယခုကဲ့သို့အချိန်အခါတွင် ဖြစ်ပေါ်မည့်အခြေအနေကို စောင့်ကြည့်လေ့လာသတိထား ဆင်ခြင်နေထိုင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၁**

၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံနိုင်ငံများမှ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နေလင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီဝင်များ တက်ရောက်ကြပြီး (၇)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်း

**နေပြည်တော် မေ ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃၀/၂၀၁၃)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းတွင် မျက်မှောက် ခေတ်နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်း၊ နိုင်ငံတကာဆက်သွယ်ပြောဆိုမှုပညာတို့ကို ပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀၉ ဦးတို့ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့သည်။

အဆိုပါ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း၏ သင်ခန်းစာတစ်ခုဖြစ်သော ဂုဏ်ပြုညစာစားပွဲသရုပ်ပြအခမ်းအနားကို ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပပြီး အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသန့်ကျော် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ကြက်ခြေနီနေ့ မော်လမြိုင်၌ ကျင်းပ

**နေပြည်တော် မေ ၁၁**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး၌ မေ ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး စေတနာ့ဝန်ထမ်း၊ စစ်ရေးပြနှင့် စွမ်းရည်ပြိုင်ပွဲများ၌ မြို့နယ်အလိုက် ထူးချွန်ဆုရရှိသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများလေလံတင်ရောင်းချ

**ပဲခူး မေ ၁၁**

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဂရန်အင်း ၁၇၀ အား ၂၀၁၃-၂၀၁၄ ခုနှစ် အင်းလုပ်ငန်းရာသီအတွက် လေလံတင်ရောင်းချခြင်း အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားကာ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးလှထွန်းက အင်းလေလံဆိုင်ရာ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဂရန်အင်း ၁၇၀ ကို ရောင်းချရေးအဖွဲ့လေးဖွဲ့ဖြင့် ဦးစားပေးမှုမရှိဘဲ ထင်သာမြင်သာ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် ၆၉ အင်းကို ရောင်းချနိုင်ခဲ့ပြီး အင်းအခွန်ငွေ သိန်း ၇၃၀ ရရှိခဲ့သည်။ ရောင်းရန်ကျန်ရှိနေသည့် ၁၀၁ အင်းကို မေ ၂၁ ရက်တွင် ဒုတိယအကြိမ် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၂၃)






*ကျောဖုံးမှ

တောင်ပြုံးတိုက်နယ် ဆေးရုံသစ် ကမ္ပည်းမော်ကွန်း ကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဒေါက်တာမြအေး၊ ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်း ကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ တိုက်နယ်ဆေးရုံဝင်းအတွင်းရှိ အဆောက်အအုံများ အခြေအနေနှင့် တိုက်နယ်ဆေးရုံ ဖွဲ့စည်းတည်ဆောက်ထားမှု၊ ဆေးဝါးများနှင့် ကျန်းမာရေးသုံးပစ္စည်း ကိရိယာများ သိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား စေတနာ အပြည့်အဝဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရေး၊ ကာကွယ်ရေးနှင့် အသိပညာပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်နှင့် တိုက်နယ်ဆေးရုံ ရေရှည်တည်တံ့အောင်လည်း အားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်တို့ကို မှာကြားသည်။

ထို့နောက် တောင်ပြုံးတိုက်နယ် ဆေးရုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တိုက်နယ်ဆေးရုံဝင်း အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားရာတွင်ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်းရောဂါဘယ ကင်းရှင်းရေး ရည်မှန်းချက်(၂)ရပ်အပေါ် ကျေးလက်ဒေသမှ အောက်ခြေအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်း စသည့်နည်းနာ (၃) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီး တံတားဦး မြို့နယ်အနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ယနေ့အထိ တိုက်နယ်ဆေးရုံ တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခု ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိတံတားဦးမြို့နယ်တွင် ခုတင်(၅၀)ဆံ့ တိုက်နယ်ဆေးရုံ နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန လေးခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ ၃၀ ခု၊ မိခင်ကလေးကျန်းမာရေးဌာန တစ်ခု တို့ကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ယနေ့အထိ ဆရာဝန် သုံးဦး၊ သူနာပြု ခုနစ်ဦး၊ သားဖွားဆရာမ ခြောက်ဦး ထပ်မံတိုးမြှင့်ခန့်ထားနိုင်ခဲ့ပြီး လက်ရှိတံတားဦးမြို့နယ်တွင် ဆရာဝန် ၁၂ ဦး၊ သူနာပြု ၂၁ ဦး၊ ကျန်းမာရေးမှူး ငါးဦး၊ သားဖွားဆရာမ ၃၅ ဦး တို့ဖြင့် မြို့နယ်အတွင်း ကျန်းမာရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါ ကြောင်း။

၂၀၀၉-၂၀၁၀ ခုနှစ်မှစ၍ တံတားဦးမြို့နယ်တစ်ခုလုံး ကျန်းမာရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေကို လေ့လာခဲ့ရာတွင် တံတားဦးမြို့နယ်၌ ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ တစ်ခု ရှိသော်လည်း သတ်မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသေးသဖြင့် (၃၆) ခုတင်ဆံ့ အဆောက်အအုံသစ်အား တိုးချဲ့တည်ဆောက်ပြီး ၂၅. ၈. ၂၀၁၁ ရက်တွင် လှူဒါန်းပေးနိုင်ခဲ့သကဲ့သို့ တံတားဦးမြို့နယ် တောင်ပိုင်း သိန္ဒိကန်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ရှိသော်လည်း ပြည့်စုံမှုမရှိသဖြင့် အဆောက်အအုံများ ပြန်လည်ပြင်ဆင်ပေးခြင်း၊ လိုအပ်သော အဝီစိရေတွင်းတူးဖော်ပေးခြင်း၊ ခွဲစိတ်ဆောင်များဆောက်လုပ်ပြီး ၁၃. ၁၀. ၂၀၁၂ ရက်တွင် လှူဒါန်းပေးနိုင်ခဲ့ပါကြောင်း။

တံတားဦးမြို့နယ် မြောက်ပိုင်းအား လေ့လာရာတွင် ကျေးရွာအုပ်စု ၁၂ စု၊ ကျေးရွာပေါင်း ၂၁ ရွာ၊ အိမ်ခြေ ၄၆၁၇ အိမ်၊ လူဦးရေ သုံးသောင်းကျော်အား ကျန်းမာရေးဆောင်ရွက် ပေးနိုင်ရန် အချက်အချာကျသည့် တောင်ပြုံး ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခဲ့ပြီး ၁၉၈၆ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သည့် တောင်ပြုံးကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် အစိုးရအဖွဲ့ထံ အဆင့်ဆင့်ခွင့်ပြုချက် ရယူပြီး ၂၀၁၂ ခုနှစ်ဆန်းပိုင်းတွင် လင်းလက်အောင်ကုမ္ပဏီသို့ မေတ္တာရပ်ခံ၍ စတင် တည်ဆောက်ခဲ့ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့်လည်း တိုက်နယ်ဆေးရုံ တည်ဆောက်ရေးရန်ပုံငွေချမှတ်ပေးခဲ့သည့်အတွက် ၁၇. ၁၁. ၂၀၁၂ ရက်တွင် ကျန်းမာရေးဌာန စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ဆောက်လုပ်စေခဲ့ပါကြောင်း။

တောင်ပြုံးတိုက်နယ်ဆေးရုံဖွင့်လှစ်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများအနေဖြင့် ယခင်က ၁၇ မိုင်ခန့်ဝေးသော တံတားဦးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသခဲ့ရာမှ ယခုအခါ တောင်ပြုံးတိုက်နယ် ဆေးရုံသစ်သို့ လွယ်ကူစွာ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနိုင်ပြီဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရမှပြည်သူများ၏ ကျန်းမာရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် တောင်ပြုံးတိုက်နယ် ဆေးရုံသစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးမှဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရန်အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ပြီး ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ပါကြောင်း၊ လူသားတိုင်း သက်ရှည်ကျန်းမာစွာ နေနိုင်ရေးနှင့် လူသားတိုင်းရောဂါဘယ ကင်းဝေးစေရေးအတွက်လည်း စီမံကိန်းများချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဆေးရုံ၊ ဆေးခန်းများ အသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ဆေးရုံ၊ ဆေးခန်းများအား တိုးချဲ့ ဆောက်လုပ်ကာ အဆင့်မြှင့်တင်မွမ်းမံခြင်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများ တိုးချဲ့ခန့်ထားခြင်းတို့ကို ဒေသအလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ အားလုံးကလည်း ဆေးရုံ၊ ဆေးခန်း တည်ဆောက်ရေး လုပ်ငန်းများတွင် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ပြီး ဆေးရုံ၊ ဆေးခန်းများအား ရေရှည်တည်တံ့အောင်လည်း ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အလိုက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ စက်မှုကဏ္ဍ၊ မြို့ပြကဏ္ဍနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် ဒေသခံပြည်သူများအားလုံးကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက သူငယ်တော်ကျေးရွာ ကျန်းမာရေးဌာနခွဲ သားဖွားဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် တိုက်နယ်ဆေးရုံအတွက် ငွေပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ တို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းခန့်က လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင် ဦးဥက္ကာအေးက တောင်ပြုံးတိုက်နယ် ဆေးရုံအတွက် လိုအပ်သော ဆေးပဒေသာပင် အလှူငွေကျပ် ၂၂၅၀၀၀၀ နှင့် စုစုပေါင်းငွေကျပ် ၅၉၂၇၀၀၀ တန်ဖိုးရှိ မီးစက်၊ လေအေးပေးစက်၊ ရေသန့်စနစ်၊ ပရိဘောဂပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုက်နယ်ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်က လက်ခံရယူသည်။

ယင်းနောက် လင်းလက်အောင်ကုမ္ပဏီမှ ဆေးရုံအဆောက်အအုံ ဆောက်လုပ်ရေးတာဝန်ရှိသူ တစ်ဦးက တောင်ပြုံးတိုက်နယ်ဆေးရုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမိုးဆွေထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က တောင်ပြုံးတိုက်နယ် ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ် ၂၅ သိန်းအား စိုက်ထူလှူဒါန်းသည်။

ယင်းနောက် တောင်ပြုံးကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက တိုက်နယ်ဆေးရုံသစ်တည်ဆောက် ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုကို အလွယ်တကူခံယူနိုင်ကြမည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြအေး၊ ဒေါက်တာဖေသက်ခင်နှင့် အဖွဲ့ဝင်များနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယခုတည်ဆောက်ဖွင့်လှစ်လိုက်သည့် (၁၆)ခုတင်ဆံ့ တောင်ပြုံးတိုက်နယ်ဆေးရုံတွင် ဆေးရုံပင်မဆောင်နှင့် ခွဲစိတ်ဆောင်တစ်ဆောင်၊ နှစ်ခန်းတွဲ ဆရာဝန်အိမ်ရာတစ်လုံး၊ လေးခန်းတွဲ သူနာပြုအိမ်ရာ တစ်လုံး၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ရင်ခွဲရုံတစ်ရုံ၊ ရေ၊ မီးစနစ်များ၊ ခြံစည်းရိုးနှင့် လမ်းများပါဝင်ပြီး လုပ်ငန်းတန်ဖိုးငွေကျပ် စုစုပေါင်း ၄၄၅ ဒသမ ၅၅၃ သန်းခန့် အကုန်ကျခံကာ ခေတ်မီစွာ ဆောက်လုပ်ထားသည်။

အဆိုပါ တိုက်နယ်ဆေးရုံတွင် ဆရာဝန် နှစ်ဦး၊ သူနာပြု ခြောက်ဦး၊ ဓာတ်ခွဲကျွမ်းကျင် တစ်ဦး၊ ဆေးစပ် တစ်ဦး၊ အထွေထွေလုပ်သား ခုနစ်ဦးတို့ ခန့်ထားခွင့်ရရှိထားပြီး လက်ရှိအခြေအနေတွင် ဆရာဝန် နှစ်ဦး၊ သူနာပြုလေးဦးတို့ ခန့်ထားပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တောင်ပြုံးတိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တောင်ပြုံးတိုက်နယ် ဆေးရုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)





# တူရကီနိုင်ငံမှ ကာ့ဒ်စစ်သွေးကြွများ အီရတ်မြောက်ပိုင်းသို့ ဆုတ်ခွာ

အာဘီလ် မေ ၁၁

**တူရကီနိုင်ငံမှ ကာ့ဒ်စစ်သွေးကြွများသည် ကာ့ဒ်လူမျိုးတို့ ထိန်းချုပ်သော အီရတ်မြောက်ပိုင်းဒေသသို့ ထွက်ခွာရွှေ့ပြောင်းလျက်ရှိရာ အီရတ်တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာရကြောင်း ယနေ့ အေပီသတင်းတွင် ဖော်ပြသည်။**

ပီကေကေဟုလူသိများသည့် ကာဒစ္စတန်အလုပ်သမားများပါတီ (ပီကေကေ) တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံမြောက်ပိုင်းဒေသသို့ ဝင်ရောက်နိုင်ရန် တူရကီပိုင်နက်နယ်မြေများမှ ဆုတ်ခွာရုပ်သိမ်းမှုများကို ယခုရက်သတ္တပတ်အတွင်း စတင်လုပ်ဆောင်နေပြီဖြစ်သည်။



အီရတ်မြောက်ပိုင်း ကာဒစ္စတန်ဒေသသို့ ရွှေ့ပြောင်းထွက်ခွာကြမည့် ကာ့ဒ်စစ်သွေးကြွများကို တွေ့ရစဉ်။

တူရကီနိုင်ငံတွင် နှစ်ကာလရှည်စွာအကျဉ်းချခံနေရသော ပီကေကေအဖွဲ့ခေါင်းဆောင် အဗ္ဗဒူလာအော်စကာလန်နှင့် တူရကီအစိုးရတို့အကြား ဆွေးနွေးမှုများပြုလုပ်ခဲ့အပြီး ယင်းဆုတ်ခွာမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယင်းသဘောတူညီမှုသည် ဥရောပသမဂ္ဂနှင့် တူရကီနှစ်နိုင်ငံအကြား ဆက်ဆံရေးအတွက် အထောက်အပံ့ဖြစ်ဖွယ်ရှိသော်လည်း ဥရောပသမဂ္ဂအနေဖြင့် ပီကေကေအဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်လက် သတ်မှတ်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။

အီရတ်နိုင်ငံက ပီကေကေစစ်သွေးကြွများအား ကြိုဆိုမည်မဟုတ်ဟူသော အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်ကို တူရကီနိုင်ငံမှ နေ့စဉ်ထုတ် ဇာဟန်သတင်းစာတွင် ဖော်ပြထားသည်။

**အေပီ။**

# ပါကစ္စတန်၌ အထွေထွေရွေးကောက်ပွဲစတင်၊ အကြမ်းဖက်တိုက်ခိုက်မှုများ နိုင်ငံတစ်ဝန်းဖြစ်ပွား

အစ္စလမ္မာဘတ် မေ ၁၁

**ပါကစ္စတန်နိုင်ငံ၌ မေ ၁၁ ရက်တွင် အထွေထွေရွေးကောက်ပွဲကိုစတင်ကျင်းပသည်။ ရွေးကောက်ပွဲလုံခြုံရေးအတွက် နိုင်ငံတစ်ဝန်းတွင်စစ်သည် ၇၅၀၀၀ အထိ ဖြန့်ကြက်ထားသော်လည်း ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လူအများအပြားသေဆုံး၊ ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။**

ပါကစ္စတန် ကွက်တာမြို့အနောက်တောင်ဘက် မိုင် ၁၄၀ အကွာ ကာလတ်ခရိုင် ဆူရက်မြို့ရှိ မဲရုံတစ်ရုံအနီး သေနတ်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ရာ နယ်ခြားစောင့်တပ်ဖွဲ့မှ စစ်သည်နှစ်ဦးသေဆုံးခဲ့ရပြီးလေးဦးဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သော်လည်း သေနတ်သမားများမှာ မော်တော်ဆိုင်ကယ်များဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသရှိ ချာမင်းမြို့၌ ပြိုင်ဘက်အမတ်လောင်းများအား ထောက်ခံသူများအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။

ထိုစဉ်အတွင်း ကရာချိမြို့၌ အမတ်လောင်းတစ်ဦးကို ပစ်မှတ်ထားသည့် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၁ ဦးထက်မနည်း သေဆုံးပြီး ၃၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုကို တာလီဘန်အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အေအက်ဖ်ပီ။**



# ဆီးရီးယားသို့လေကြောင်းကာကွယ်ရေးစနစ် ရောင်းချမည့်အစီအစဉ်မရှိဟု ရုရှားပြော

မော်စကို မေ ၁၁

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံသို့ ခေတ်မီ လေကြောင်း ကာကွယ်ရေးစနစ်ရောင်းချရန် အစီအစဉ်မရှိကြောင်း၊ သို့ရာတွင် တည်ရှိနေဆဲဖြစ်သော ကန်ထရိုက်စာချုပ်တစ်ရပ်အရ ယင်းကဲ့သို့သော စနစ်များကို ရောင်းချနိုင်ခွင့်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့က မေ ၁၀ ရက်တွင် ပြောကြားသည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ အစိုးရအဖွဲ့သို့ အက်စ်-၃၀၀ အမျိုးအစားလေယာဉ်ပစ်ဒုံးလက်နက်များကို ရုရှားနိုင်ငံက ရောင်းချပေးရန် သဘောတူညီချက်တစ်ရပ်ကို ရရှိထားကြောင်း အမေရိကန် ပြည်ထောင်စုအား အစ္စရေးနိုင်ငံက အသိပေးခဲ့ကြောင်း အမေရိကန်နိုင်ငံ၌ ထုတ်ဝေသော ဝေါစထရိဂျာနယ်က ရေးသားဖော်ပြသည်။

## မြှင့်တင်နိုင်မည်

ရုရှားက ခေတ်မီလေကြောင်းကာကွယ်ရေးစနစ်ကို ရောင်းချပေးမည်ဆိုပါက ဆီးရီးယားတပ်ဖွဲ့အနေဖြင့် ကာကွယ်ရေးစွမ်းပကားကို သိသိသာသာမြှင့်တင်နိုင်မည်ဖြစ်ကာ ပြင်ပမှစစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုများမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့သည် ဂျာမနီနှင့် ပိုလန်နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ပိုလန်နိုင်ငံ ဝါဆောမြို့သို့ ရောက်ရှိနေသည်။ ဆီးရီးယားပဋိပက္ခ အဆုံးသတ်စေရေးအတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်သွားရန် ရုရှားနှင့်အမေရိကန်တို့ မကြာမီက သဘောတူညီခဲ့ကြသည်။

**ရိုက်တာ။**



## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဥရောပသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**ရန်ကုန် မေ ၁၁**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ဥရောပသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မြန်မာလွှတ်တော်များတွင် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူးများဖြစ်ကြသော ဦးမောင်တိုး၊ ဦးတင်မောင်ဝင်း၊ ကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(သတင်းစဉ်)**



## ပတ်ဝန်းကျင်နိုင်ငံတကာသတင်းအတိုအထွာ

### အမေရိကန်လုပ်သား ၁၃ ဦး နေ့စဉ်သေဆုံးနေ

အမေရိကန်နိုင်ငံအတွင်း လုပ်ကိုင်နေကြသော အလုပ်သမားများ အလုပ်ခွင်အတွင်း သေဆုံးမှုနှုန်းမှာ တစ်ရက်လျှင် ပျမ်းမျှ ၁၃ ဦးခန့်ရှိကြောင်း အလုပ်သမားရေးရာဌာန (AFL-CIO) မှ တာဝန်ရှိသူများက မေ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ၂၀၁၂ ခုနှစ်ကာလနှင့် နှိုင်းစာလျှင် ယခု ၂၀၁၃ ခုနှစ်အတွင်း သေဆုံးမှုမှာ ပိုမိုမြင့်တက်လာလျက်ရှိကြောင်း အဆိုပါဌာနမှ ဥက္ကဋ္ဌဖြစ်သူ ရစ်ချက်ထရမ်ကာက ဆိုသည်။ ၂၀၁၁ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတစ်ဝန်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေကြသော အလုပ်သမားများအနက် လုပ်ငန်းခွင်နှင့် ဆက်နွှယ်သောရောဂါနှင့် အခြားအကြောင်းတရားများကြောင့် သေဆုံးခဲ့ရသည့် လုပ်သားအရေအတွက်မှာ ၄၆၉၃ ဦးရှိပြီး တစ်နှစ်တာကာလအတွင်း လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသော နာတာရှည်ရောဂါဖြင့် သေဆုံးသူအရေအတွက်မှာ ၅၀၀၀၀ ခန့်ရှိကြောင်း အဆိုပါဌာန၏ အဆိုအရသိရသည်။ ယင်းအရေအတွက်မှာ ခန့်မှန်းခြေမျှသာဖြစ်ပြီး စာရင်းဇယားအတိအကျသိရှိရလျှင်မူ ယင်းအရေအတွက်ထက် နှစ်ဆသုံးဆခန့် ပိုမိုနိုင်ကြောင်း ဆိုသည်။

---

### အမေရိကန်တွင် အမေများနေ့ဆင်နွှဲမည့်သူ လေးသန်းကျော်ရှိ

မေ ၁၂ ရက်တွင် ကျရောက်မည့် မာတာမိခင်ကျေးဇူးရှင် အမေများနေ့ (Mother's Day) တွင် ပြီးခဲ့သည့် ၁၂ လတာ ကာလအတွင်း သားသမီးမွေးဖွားခဲ့ကြသော မိခင် ၄ ဒသမ ၁ သန်းမှာ သူမတို့၏ ရင်သွေးများနှင့်အတူ အမေများနေ့ကို ဂုဏ်ပြုကြမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ သန်းခေါင်စာရင်းဌာနမှ မေ ၁၀ ရက်တွင် ထုတ်ပြန်သော သတင်းအရ သိရသည်။ ၄ ဒသမ ၁ သန်းခန့်ရှိသော မိခင်အရေအတွက်တွင် ပြီးခဲ့သည့် ၁၂ လတာကာလအတွင်း ကလေးမွေးဖွားခဲ့သူ မိခင်များမှာ အသက်အရွယ်အားဖြင့် ၁၅ နှစ်မှ ၅၀ အတွင်းရှိကြပြီး ယင်းအရေအတွက်၏ ၅၃ ရာခိုင်နှုန်းမှာ အသက် (၁၅)နှစ်မှ (၄၄) နှစ်အတွင်းရှိ မိခင်များဖြစ်ကြောင်း အဆိုပါဌာန၏ အဆိုအရ သိရသည်။

---

### အာဖရိက ကလေးငယ်များကို ပူးပေါင်းကူညီမည်

ဗြိတိန်ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီဂလာဇိုစမစ်ကလိုင်းနှင့် "Save the Children" လူမှုကူညီရေးအဖွဲ့အစည်းတို့ ပူးပေါင်း၍ အာဖရိကရှိ ကလေးများသေဆုံးမှုကို လျှော့ချရန်ရည်ရွယ်၍ ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးကြမည်ဖြစ်ကြောင်း မေ ၁၀ ရက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် အစိုးရမဟုတ်သော ပရဟိတအဖွဲ့အစည်းတစ်ခုနှင့် ကုမ္ပဏီတစ်ခုတို့ လူ့အကျိုးပြုလုပ်ငန်းများ မည်သို့လုပ်ဆောင်နိုင်စွမ်းရှိသည်ကို စံနမူနာတစ်ခုအဖြစ် ချပြမည်ဖြစ်ကြောင်း၊ ကနဦး အစီအစဉ်ကို ကင်ညာနှင့် ကွန်ဂိုနိုင်ငံတို့မှ စတင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လာမည့်နှစ်များအတွင်း "Save the Children"အဖွဲ့အား မိမိတို့ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၂၃ သန်းခန့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂလာဇိုစမစ်ကလိုင်းကုမ္ပဏီမှ အမှုဆောင်အရာရှိ အန်ဒရူးဝစ်တီက ဆိုသည်။

---

### ဟွန်ဒူးရပ်စ်နှင့် ပါလက်စတိုင်း သံတမန်ရေးထူထောင်

ဟွန်ဒူးရပ်စ်နှင့် ပါလက်စတိုင်းတို့သည် မေ ၁၀ ရက်က သံအမတ်များ အပြန်အလှန်လဲလှယ်ခန့်အပ်မှု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြပြီးနောက် သံခင်းတမန်ခင်း ဝါဒကို ထူထောင်နိုင်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ အဆိုပါနှစ်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းလုပ်ဆောင်အမြင်ချင်းဖလှယ်နိုင်ကြမည်ဖြစ်၍ ဝမ်းမြောက်ကြောင်း ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီး မာရီယာအဂူရီနှင့် ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး ရိဒ်အယ်လ်မာလီကီတို့နှစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ကြသည်။

**ဟိန်းထက်လင်း - စုစည်းသည်**

## ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၁**

Royal Mingalardon Golf & Country Club မှ စီစဉ်သော RMGCC 4th Anniversary Charity ရန်ပုံငွေ ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၁၉ ရက်တွင် အဆိုပါ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး အပျော်တမ်း ဂေါက်သီးအားကစားသမား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

အဆိုပါပြိုင်ပွဲတွင်ရရှိသော ပြိုင်ပွဲဝင်ကြေးများကို မိဘမဲ့ကလေးများ ဘဝမြှင့်တင်မှု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများသို့ လှူဒါန်းရန်အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို System (36) ဖြင့် အတန်း သုံးတန်းခွဲကာ ကျင်းပပေးမည်ဖြစ်ပြီး အနိုင်ရရှိသူများကို အဖိုးတန်ဆုပစ္စည်းများ ချီးမြှင့်ပေးမည့်အပြင် ကံစမ်းမဲအစီအစဉ်များပါ ထည့်သွင်းထားမည်ဖြစ်သည်။

ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Myanmar Brewery Co., Ltd. က Diamond Sponsor အဖြစ် လည်းကောင်း၊ Alpine က Platinum Sponsor အဖြစ် လည်းကောင်း၊ Royal Modern Furniture၊ Super Power နှင့် Red Link တို့က Gold Sponsor အဖြစ် လည်းကောင်း၊ Taylormade က Silver Sponsor အဖြစ် လည်းကောင်း အသီးသီးပါဝင်ပံ့ပိုးကူညီကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ခွင့်လက်မှတ်များကို ကြိုတင်ရောင်းချပေးလျက်ရှိပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဧည့်ကြိုဌာန Hot Line 09 -8636395၊ 09-449222222 တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။**(ကြေးမုံ)**

## စာအုပ်စျေးပွဲတော် ကျင်းပမည်

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ တော်ဝင်မိသားစုကုမ္ပဏီ၏ စာပေမြှင့်တင်လှူစွမ်းအင် အခမ်းအနားနှင့် ပူးပေါင်း၍ စာအုပ်စျေးပွဲတော်ကို မေ ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် တော်ဝင်စင်တာ၌ ကျင်းပမည်ဖြစ်သည်။ သုံးရက်စာ ဆိုင်ခန်းခများကို ကျပ်၂၀၀၀၀ နှုန်းဖြင့် ပေးသွင်းရမည်ဖြစ်သည်။ မေ ၂၁ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာများအသင်း အစည်းအဝေးခန်းမ (စာပေဗိမာန် တတိယထပ်)တွင် ဆိုင်ခန်းနေရာများအတွက် မဲနှိုက်ကျင်းပမည်ဖြစ်သဖြင့် ဆိုင်ခန်းဖွင့်လိုသူများ အနေဖြင့် စျေးပွဲတော်ကျင်းပရေးတာဝန်ခံ ဒေါ်ဝိုင်း (ကံ့ကော်ဝတ်ရည်) ဖုန်း-၀၁-၃၉၆၅၈၀၊ ၀၉-၅၁၂၇၄၉၃ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**(ထုတ်ဝေ/ဖြန့်ချိ)**

## ဆန်ကြမ်းနှင့် ဆန်ကွဲစျေးနှုန်းမြင့်တက်

**ရန်ကုန် မေ ၁၁**

ရန်ကုန်ဆန်ကုန်သည်စျေးကွက်တွင် ဆန်ကြမ်းစျေးနှုန်း၊ ဆန်ကွဲစျေးနှုန်းများ မြင့်တက်သော်လည်း ပေါ်ဆန်းဆန်စျေးနှုန်းမှာ ပြောင်းလဲမှုနည်းကြောင်း သိရသည်။

ပြည်ပသင်္ဘောတင်အတွက် အဝယ်ရှိခြင်း၊ ရွှေဘိုနယ်ဆည်ရေသွင်း နွေစပါးစိုက်ဧက လျော့ကျလာသဖြင့် အောက်အရပ်မှဆန်များ အထက်ဒေသသို့ တင်ပို့ခြင်းတို့ကြောင့် ဆန်နှင့် ဆန်ကွဲစျေးနှုန်းများ မြင့်တက်လာမှုနှင့်အတူ စပါးစျေးနှုန်းများလည်း မြင့်တက်လာသည်ဟု သိရသည်။

မေ ၁၁ ရက်တွင် ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၁၄၈၀၀ ဝန်းကျင်၊ နွေဆန်တစ်အိတ်လျှင် ကျပ် ၁၇၃၀၀ မှ ၁၇၇၀၀ အတွင်း၊ ပေါ်ကျွဲတစ်အိတ်လျှင် ကျပ် ၂၁၀၀၀ ဝန်းကျင်၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် နယ်အလိုက်ကျပ် ၂၃၀၀၀ မှ ၂၉၀၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၃၄၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ၂-၃-၄ အမျိုးအစား ဆန်ကွဲတစ်အိတ်လျှင် ကျပ် ၉၈၀၀၊ ၁-၂ ဆန်ကွဲတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ ၁ ဆလတ်ဆန်ကွဲ တစ်အိတ်လျှင် ကျပ် ၁၁၄၀၀၊ သုံးမတ်ကျိုးဆန်ကွဲတစ်အိတ်လျှင် ကျပ် ၁၂၂၀၀၊ ဖွဲနုတစ်ပေါင်လျှင် ၇၀-၇၅ ကျပ်နှုန်းရှိကြောင်း သိရသည်။

နွေစပါးစျေးနှုန်းများမှာ မော်ကျွန်းနယ်ဘက်တွင် ပေါင် ၅၀ ကိုက်တင်းဖြင့် တင်းတစ်ရာလျှင် ကျပ် ၃၈၀၀၀၀ ဝန်းကျင်၊ ကျောင်းကုန်းနယ်ဘက်တွင် အကျိုးအကြေနည်းပါက ဆန်စက်အရောက် စပါးတင်း ၁၀၀ လျှင် ကျပ် ၄၁၀၀၀၀ နှုန်း၊ အကျိုးအကြေများပါက ကျပ် ၃၈၀၀၀၀ နှုန်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း၊ နတ်တလင်းနယ်တွင် နွေစပါးရိတ်သိမ်းပြီး ခြွေလှေ့စက်ကျ စပါးတင်း ၁၀၀ လျှင် ပေါင် ၅၀ ကိုက်တင်းဖြင့် ကျပ်လေးသိန်းနှုန်းဖြင့် ဝယ်ယူရကြောင်း အဆိုပါနယ်များမှ ဆန်စက်ပိုင်ရှင်နှင့် ဆန်ကုန်သည်များက ဆိုသည်။

စပါးဆယ်စေ့ကို လက်ဖဝါးနှစ်ခုအကြားထည့်၍ ဖိပွတ်ပါက ဆန်သားငါးစေ့ ခြောက်စေ့ရလျှင် စပါးစျေးနှုန်းပိုရပြီး အကျိုးအကြေများပါက ဆန်စေ့နှစ်စေ့ သုံးစေ့သာရပြီး စျေးနှုန်းအရနည်းကြောင်း၊ နွေစပါးများ အကျိုးအကြေများရခြင်းမှာ ရာသီဥတုပူပြင်းချိန်တွင် ရိတ်သိမ်းခြင်း၊ ရေမကြိုက်သော အချို့စပါးများမှာ ရေဝနေခြင်း၊ ရိတ်သိမ်းချိန်လွန်ခြင်းများကြောင့် ကျိုးကြေခြင်းတို့ဖြစ်ကြောင်း ကျောင်းကုန်းနယ်မှ ဆန်စက်ပိုင်ရှင်က ဆိုသည်။

ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် စျေးနှုန်းသိသာစွာ မြင့်တက်လာသော်လည်း ယခုနှစ် ပေါ်ဆန်းစပါးမှာ ရိတ်သိမ်းချိန် မိုးမိထားသဖြင့် အရည်အသွေးညံ့မှုကြောင့် ယခင်နှစ် စျေးနှုန်းသို့ မရောက်ရှိဘဲ စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းငါးသောင်းဝန်းကျင်သာ စျေးနိမ့်တွင်ရှိနေကြောင်း၊ ယခင်နှစ်တွင် ပေါ်ကျွဲဆန်နှင့် ပေါ်ဆန်းဆန် တစ်အိတ်စီ၏ စျေးနှုန်းကွာခြားမှုမှာ ကျပ်တစ်သောင်းခန့်ရှိသော်လည်း ယခုနှစ် မေလအတွင်း ကျပ်သုံးထောင်ဝန်းကျင်ကွာဟမှုရှိသည်ဟု သိရသည်။

**မောင်စေအောင်**





# မြန်မာ့အားကစားအတွက် အနာဂတ်ရတနာသိုက်

**ဖေမြင့်သိန်း**

မြန်မာနိုင်ငံသည် အာရှနှင့် အရှေ့တောင်အာရှအတွင်း ဒေသဆိုင်ရာ အားကစားပြိုင်ပွဲကြီးများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဦးဆောင်ဦးရွက်ပြုသူအဖြစ် ရှေ့တန်းမှ ပါဝင်ခဲ့သည့်နိုင်ငံဖြစ်ပါသည်။ ယခုဆိုလျှင် (၁၇) ကြိမ်မြောက်အထိ ကျင်းပပြီးစီးခဲ့သော အာရှအားကစားပြိုင်ပွဲကြီး ဖြစ်ပေါ်လာအောင် ဦးဆောင်ဆော်သြခဲ့သည့် ခြောက်နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့ပါသည်။ မြန်မာ၊ ဖိလစ်ပိုင် နှင့် အခြားအာရှ လေးနိုင်ငံတို့၏ ဦးစီးလှုံ့ဆော်မှုကြောင့် အဆိုပါ အာရှအားကစားပြိုင်ပွဲကြီးကို ၁၉၅၁ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ယနေ့ဆီးဂိမ်းပြိုင်ပွဲကြီး၏ မူရင်းပြိုင်ပွဲဖြစ်သော အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ စတင်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက်လည်း စတင်ဆော်သြခဲ့သည့် နိုင်ငံလည်းဖြစ်ပါသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၁၉၈၅ ခုနှစ်က ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် မြန်မာ၊ လာအို၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တွေ့ဆုံကြစဉ် အာရှအားကစားပြိုင်ပွဲကြီးနှင့် ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲတို့အကြား နှစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် လေးနှစ်လျှင် တစ်ကြိမ် ပြိုင်ပွဲတစ်ခုကျင်းပရန် ဆွေးနွေးရာမှ The South East Peninsula Game အမည်ရှိ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ ပေါ်ပေါက်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့က ပထမဆုံး အကြိမ်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၁၉၇၇ ခုနှစ် ကိုးကြိမ်မြောက်ပြိုင်ပွဲတွင် The South East Asian Games အရှေ့တောင်အာရှအားကစားပြိုင်ပွဲဟူသော အမည်ဖြစ်လာခဲ့ပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းတို့ပါ ပါဝင်လာရာ ကျယ်ပြန့်သော ပြိုင်ပွဲတစ်ရပ် ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ၏ ဤဆောင်ရွက်ချက်၊ ဤသို့သော ဦးစီးဦးဆောင်လှုပ်ရှားနိုင်ခဲ့မှုများကို ကြည့်လျှင် အလွန်ပင်ဂုဏ်ယူစရာကောင်းပါသည်။ ထိုအချိန် ထိုအခါက မြန်မာနိုင်ငံ၏ အားကစား ဂုဏ်သိက္ခာနှင့် အားကစားပါဝါတို့၏ အတိမ်အနက် အဘယ်မျှရှိခဲ့သနည်း ဆိုသည်ကို မှန်းဆကြည့်နိုင်ပါသည်။

မြန်မာကို ကမ္ဘာက သိစေရန်ကြိုးပမ်းမှုများတွင် အားကစားဖြင့် ကြိုးပမ်းမှုလည်း ရှိခဲ့ကြောင်း သာဓကတစ်ရပ်ရှိသည်ကို အလျဉ်းသင့်၍ တင်ပြလိုပါသေးသည်။

မြန်မာ့ကာယဗလဖခင်ကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့သူ ကာယဗလ ဦးရှိန်သည် ၁၉၃၄ ခုနှစ် ဝန်းကျင်တွင် အလုံမြို့နယ် ဧရာဝတီလမ်း၌ ကာယဗလနှင့် အလေးမ စခန်း (အားကစားရုံ)တစ်ခု တည်ထောင်ခဲ့သည်။ ထိုစခန်းမှနေ၍ မြန်မာကို ကမ္ဘာကသိအောင်လုပ်ပြမည်ဟူသော ရည်ရွယ်ချက်မှာ သူ၏ကြီးမားသော ရည်ရွယ်ချက်ကြီးပင် ဖြစ်ပါသည်။ မြန်မာကို ကမ္ဘာကသိဖို့အတွက် အနီးစပ်ဆုံးနှင့် အဖြစ်နိုင်ဆုံး အားကစားနည်းမှာ အလေးမအားကစားနည်းသာ ဖြစ်သည်ဟုလည်း ဦးရှိန်က ခံယူထားသည်။

ထို့ကြောင့် ဦးရှိန်သည် ဇော်ဝိတ်(ထိုစဉ်က အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ၊ ညွှန်ကြားရေးဝန်၊ အား/ကာ ညွှန်ကြားရေးမှူး)၊ စံသင်၊ ထွန်းမြင့်နှင့် လှမောင်လေးတို့ကို အလေးမအားကစားနည်းများ ဖိဖိစီးစီးသင်ကြားပေး၍ ၁၉၃၅ ခုနှစ်နှင့် ၁၉၃၆ ခုနှစ်များတွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမတံခွန်စိုက်ပြိုင်ပွဲသို့ ဇော်ဝိတ်၊ စံသင်၊ ထွန်းမြင့်တို့သုံးဦးကို သူကိုယ်တိုင် ဦးစီးကာ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ သူ့ရည်မှန်းချက်အတိုင်း သူ၏တပည့်များသည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ချန်ပီယံများအဖြစ် ဆုဖလားများသိမ်းပိုက်နိုင်ခဲ့ကြသည်။ တပည့်သုံးဦးထဲမှ ဇော်ဝိတ်သည် ၁၉၃၆ ခုနှစ် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမတံခွန်စိုက် ချန်ပီယံအဖြစ် သာမက ကာယဗလမောင် (Mr. India)ပါ ဆွတ်ခူးရရှိခဲ့သည်။

ထို့ကြောင့် ဇော်ဝိတ်သည် ၁၉၃၆ ခုနှစ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပသော (၁၀)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် အိန္ဒိယနိုင်ငံ အိုလံပစ်ကော်မတီ၏ ရွေးချယ်စေလွှတ်ခြင်းကို ခံခဲ့ရသည်။ ရင်နာဖွယ်အဖြစ်မှာ ထိုစဉ်က မြန်မာနိုင်ငံကို အိန္ဒိယပြည်နယ်တစ်ခုအဖြစ်သာ သတ်မှတ်ထား၍ ဇော်ဝိတ်မှာ မြန်မာလူမျိုးစင်စစ်ဖြစ်ပါလျက်နှင့် ပန်ချာပီဝတ်စုံဝတ်ဆင်ကာ အိန္ဒိယလူမျိုးတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရခြင်းပင် ဖြစ်သည်။ ဇော်ဝိတ်သည် ထိုစဉ်ကသာ အိုလံပစ်ချန်ပီယံဖြစ်ခဲ့လျှင် မြန်မာလူမျိုးတစ်ဦးအနေဖြင့် အသိအမှတ်ပြုခံရမည်မဟုတ်ဘဲ အိန္ဒိယလူမျိုးတစ်ဦးအနေဖြင့်သာ အသိအမှတ်ပြုခံရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာကို ကမ္ဘာကသိအောင် အားကစားဖြင့် ထိုးဖောက်ပြမည်ဟူသော စိတ်ဓာတ်မျိုး ဟိုယခင် သူ့ကျွန်ဘဝမှာကတည်းက ရှိခဲ့သည်ကိုမူ လေးလေးစားစား အသိအမှတ်ပြု ဦးညွှတ်ရမည်သာဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မြန်မာတို့သည် အားကစားဖြင့် နိုင်ငံကို တည်ဆောက်နိုင်စွမ်းအသိပညာကို ရှေးဦးမဆွကပင် ရှိနှင့်နေပြီးသားဖြစ်သောကြောင့် စစ်ပြီးခေတ်နောက်ပိုင်းတွင် အာရှအားကစားပြိုင်ပွဲကြီးများ၊ အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အားကစားသည် ရှေ့တန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာနှင့်အဝန်း တစ်နေ့ထက်တစ်နေ့ ပိုမိုကျယ်ပြန့်စွာ သိရှိလာကြသည်။ ယနေ့ကမ္ဘာတွင် နိုင်ငံတိုင်းလိုလို ရင်ဆိုင်ဖြေရှင်းနေရသော ကိစ္စတစ်ခုမှာ ကျန်းမာရေးပြဿနာကြီးပင်ဖြစ်သည်။ ကျန်းမာရေးအတွက် သုံးစွဲရသော ဘတ်ဂျက်များကို ပြည်သူများက ကျန်းမာခြင်းဖြင့် ဖြေလျှော့နိုင်အောင် ကြိုးစားလျက်ရှိသည်ကိုလည်း တွေ့ရသည်။ လူတွေကျန်းမာအသက်ရှည်ခြင်းနည်းအခြေခံမှာ အားကစားပင်ဖြစ်သည်။ တစ်ပိုင်တစ်နိုင် အားကစားလုပ်သောသူများသည် မလုပ်သောသူများထက် ပိုမိုကျန်းမာကြသည်။ ကျန်းမာကြသဖြင့် အသက်ပိုရှည်ကြသည်။ ထို့အတွက် အစိုးရအနေဖြင့် ကျန်းမာရေးစရိတ် ဝန်ထုပ်ဝန်ပိုး လျှော့ချနိုင်သဖြင့် ပညာရေးစသော အခြားအခြေခံလူမှုကိစ္စများတွင် ပိုမိုသုံးစွဲလာနိုင်ခြင်းအကျိုးများ ရရှိစေပါသည်။ ဤသည်မှာ အားကစား၏ အကျိုးကျေးဇူးတရားဖြစ်ပြီး အားကစားဖြင့် နိုင်ငံတော်ကို တည်ဆောက်ခြင်းလည်းဖြစ်ပါသည်။

တစ်ဖန် အားကစားသည် လူမှုအဖွဲ့အစည်းကြီး၏ လူမှုဘဝများကို များစွာအကျိုးသက်ရောက်စေပါသည်။ ရာဇဝတ်မှုတွေ ထူပြောခြင်းကြောင့် နိုင်ငံ၏လုံခြုံမှုဖရိုဖရဲဖြစ်စေသည်။ နိုင်ငံ၏ ငြိမ်းချမ်းသာယာမှုကို ထိခိုက်ပျက်စီးစေသည်။ ထိုရာဇဝတ်မှုတို့ ဖြစ်ပေါ်စေရန် တွန်းအားပေးမှုတို့မှာ မူးယစ်ဆေးနှင့် စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်ပျက်ပြားမှုတို့ပင်ဖြစ်သည်။ အားကစားသည် ထိုအရာနှစ်ခုနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ကြီးဖြစ်သည်။ အားကစားသည် မူးယစ်ဆေးနှင့် ဝေးကွာစေနိုင်စွမ်းရှိသည့် အရာဖြစ်သည်။ စာရိတ္တမဏ္ဍိုင်ကို မယိမ်းယိုင်အောင် ကြံ့ကြံ့ခံတည့်မတ်ပေးသည့် ခံတပ်ကြီးတစ်ခုလည်းဖြစ်သည်။

ကမ္ဘာနှင့်အဝန်းအစိုးရများစွာသည် အားကစားကြောင့်ရရှိနိုင်သော ထိုအကျိုးကျေးဇူးများကို တစ်နေ့ထက်တစ်နေ့ ပိုသိလာကြပြီး အားကစားဖြင့် နိုင်ငံတော်တည်ဆောက်ရေးအစိတ်အပိုင်းတစ်ရပ်ကို ခေါင်းပေါ်တင် ဦးစားပေးလာကြသည်။ မိမိနိုင်ငံမှ ထွက်ရှိသော သယံဇာတများကြောင့် ရရှိသည့်ငွေကြေးများကို အားကစားတက္ကသိုလ်များ၊ အားကစားအကယ်ဒမီများ၊ အားကစားဖုန်များအဖြစ် ထူထောင်ခြင်းဖြင့် သယံဇာတအသစ်ကို ပြန်လည်ရင်းနှီးမြှုပ်နှံလာကြသည်။

တစ်ချိန်က အာရှနှင့်အရှေ့တောင်အာရှ အားကစားစာမျက်နှာတွင် မြန်မာနိုင်ငံသည် ဂုဏ်သိက္ခာသြဇာကြီးမားစွာဖြင့် ရှေ့တန်းမှာ ပါဝင်ရပ်တည်နိုင်ခဲ့သည့် နိုင်ငံဖြစ်ပါသည်။ သို့သော် အကြောင်းကြောင်းများကြောင့် မြန်မာနိုင်ငံ၏ အားကစားသြဇာပါဝါမှာ မှေးမှိန်လာခဲ့ရသည်။ ထိုသည်မှာလည်း ဘယ်သူမပြုမိမိမှုပင်ဖြစ်ပါသည်။ ရှေးရှေးက အစိုးရများသည် အားကစားကို အမျိုးသားရေးလက္ခဏာအဖြစ် နက်နက်ရှိုင်းရှိုင်းသဘောမထားခဲ့ဘဲ အစိုးရ၏ ပေါ်လစီတစ်ရပ်အဖြစ်လောက်သာ သဘောထား လုပ်ဆောင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်ဟု ကောက်ချက်ချရမည်ဖြစ်ပါသည်။

ယခုအချိန်တွင်မူ မြန်မာနိုင်ငံသည် စနစ်ပြောင်းပြီး ခေတ်ဟောင်းကို ပြည်ဖုံးကားချခဲ့ပြီဖြစ်ပါသည်။ အရာရာတွင် အပြောင်းအလဲများစွာဆီသို့ ဦးတည်ချီတက်လျက်ရှိပါသည်။ ဤသည်မှာ နိုင်ငံ၏အနာဂတ်အတွက် များစွာအားတက်ဖွယ်ရာ လက္ခဏာတစ်ရပ်ပင်ဖြစ်ပါသည်။ အားကစား၏တန်ဖိုးဖြင့် ချိန်ထိုးသုံးသပ်ကြည့်မည်ဆိုလျှင် ပို၍ပင် အားတက်ဖွယ်ကောင်းနေပါသည်။ အကြောင်းမှာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကြောင့် ရရှိလာမည့် အခြေခံအဆောက်အအုံများကြောင့် ဖြစ်ပါသည်။

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြို့တော်ဖြစ်သည့် နေပြည်တော်ကို ဗဟိုပြု၍ ကျင်းပမည်ဖြစ်ရာ နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီကွင်း/ရုံများစွာကို ငွေကြေးပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်ခဲ့ရပါသည်။ ထို့ပြင် လူဦးရေ ၅၀၀၀ လောက်နေထိုင်နိုင်သော အားကစားရွာကြီးကိုလည်း တည်ဆောက်ခဲ့ရပါသည်။ ထိုအားကစားကွင်းများနှင့် အားကစားရွာကြီးများသည် မျက်နှာငယ်လျက်ရှိသော မြန်မာ့အားကစားနယ်ပယ်အတွက် မျက်နှာပွင့်စေမည့် အုတ်မြစ်ကြီးပင်ဖြစ်ပါသည်။ အားကစားကွင်း/အားကစားရုံများ ရှိပြီးဖြစ်သည့်အတွက် အားကစားရွာ၏တန်ဖိုးမှာလည်း မြင့်သထက်မြင့်လာပါလိမ့်မည်။ ဆိုလိုသည်မှာ အားကစားကွင်း/ရုံများသည် ပြိုင်ပွဲတစ်ခုချင်းအလိုက်သာ ကျင်းပနိုင်သည့် ကန့်သတ်ချက်မျိုးရှိသည်။ ပြိုင်ပွဲကွင်း/ရုံများသာမက အားကစားရွာပါရှိနေခြင်းအတွက် အာရှအားကစားပြိုင်ပွဲကြီးလိုမျိုး၊ ဆီးဂိမ်းလို ပြိုင်ပွဲမျိုးတွေကို အချိန်မရွေးလက်ခံကျင်းပနိုင်မည့်အခွင့်အရေးကို ရရှိစေမည်ဖြစ်သည်။ ဤသည်မှာ ပြိုင်ပွဲအမြင်ဖြင့် ကြည့်ခြင်းဖြစ်ပါသည်။

အနာဂတ်ရင်းနှီးမြှုပ်နှံမှုအမြင်ဖြင့်ကြည့်လျှင် ပို၍ အားတက်ဖွယ်ကောင်းနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ လိုအပ်သော စာသင်ဆောင်အနည်းငယ်ကို ထပ်မံဖြည့်လိုက်ခြင်းဖြင့် အားကစားရွာကြီးသည် အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံ၊ အားကစားအကယ်ဒမီကျောင်းများအဖြစ် အလျင်အမြန် အသွင်ပြောင်းနိုင်သည့် အခြေခံအဆောက်အအုံများ ဖြစ်နေသည်ကို တွေ့ရပါမည်။ ထိုအားကစားကျောင်းမျိုးစုံကို ကွင်း/ရုံများက အထောက်အကူပစ္စည်းများအဖြစ် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

ခေတ်သစ် အားကစားနယ်ပယ်သည် ကျယ်ပြန့်သထက် ကျယ်ပြန့်လာပါသည်။ အားကစားဆိုသည်မှာ ကာယကို ဗဟိုပြုသောနည်းအဖြစ် လက်ခံခဲ့ရာမှ တဖြည်းဖြည်းနှင့် ဉာဏအားပါ လိုအပ်လာကြောင်း အသိအမှတ်ပြုလက်ခံလာကြပြီဖြစ်ပါသည်။ ထို့ကြောင့် ကာယပိုင်းသာမက ဉာဏပိုင်းအတွက်ပါ နည်းမျိုးစုံဖြင့် ပြင်ဆင်လေ့ကျင့်လာကြပါသည်။ ခေတ်မီနည်းစနစ်များ၊ အရည်အသွေးပြည့် နည်းပြကောင်းများကို ငွေကြေးများစွာသုံးစွဲ၍ လုပ်ကိုင်ခေါ်ယူနေကြခြင်းမှာ ဉာဏပိုင်း (IQ)ဖွံ့ဖြိုးမှုကို ဦးတည်ထားသည့် လုပ်ဆောင်ချက်များဖြစ်ပါသည်။ အားကစားနည်းစနစ်များအပြင် အားကစားစိတ်ပညာ၊ အားကစားဆေးပညာ၊ အားကစား သုတေသနဆိုင်ရာတွေ ဖွံ့ဖြိုးတိုးတက်မှုများလည်း ယနေ့အားကစားလောက၌ အထူးအရေးပါလာသည်ကို လက်ခံလုပ်ဆောင်နေကြပြီဖြစ်ပါသည်။

အားကစားဆိုင်ရာ လိုအပ်သော ထိုဖွံ့ဖြိုးမှုများကို အထိရောက်ဆုံးနှင့် အလျင်မြန်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် တစ်ခုတည်းသောအရာမှာ အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံ၊ အားကစားအကယ်ဒမီ စသည့် အားကစားကျောင်းကြီးများပင် ဖြစ်ပါသည်။ ထို့ကြောင့် ဆီးဂိမ်းပြိုင်ပွဲကြီးကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော အားကစားကွင်း/ရုံများနှင့် အားကစားရွာကြီးကို မြန်မာ့အားကစား၏ အနာဂတ်ရတနာသိုက်ကြီး ဖြစ်အောင် အသုံးချနိုင်ဖို့လိုအပ်ပါသည်။ ထိုသို့ အသုံးချနိုင်ရန်အတွက် အားကစားသည် နိုင်ငံတော်တည်ဆောက်ရေး၏ အကောင်းဆုံး လက်နက်တစ်ခုဖြစ်ကြောင်း အရင်ဆုံး လက်ခံအသိအမှတ်ပြုဖို့ လိုအပ်မည် ဖြစ်ပါသည်။

ယခုတည်ဆောက်လျက်ရှိသော အားကစားကွင်း/ရုံများနှင့် အားကစားရွာကြီးကို နိုင်ငံတော်မှထွက်ရှိသော သယံဇာတဝင်ငွေများဖြင့် တည်ဆောက်နေခြင်းဖြစ်ပါသည်။ ထိုသယံဇာတများကို သယံဇာတအသစ်အဖြစ် ပြန်လည်အစားထိုးရန်အတွက် အကောင်းဆုံးနှင့် တစ်ခုတည်းသောနည်းလမ်းမှာ ထိုကွင်း/ရုံများနှင့် အားကစားရွာကို ပညာသယံဇာတဖြစ်အောင် လုပ်နည်းသာဖြစ်ပါသည်။ကုဋေရှစ်ဆယ်သူဌေးသား တောင်းစားသူဘဝရောက်သွားခဲ့ရသည်မှာ ကုဋေရှစ်ဆယ်တည်းဟူသော ငွေကြေးသယံဇာတ ကျိန်စာသင့်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုဋေရှစ်ဆယ်သူဌေးသားကဲ့သို့ သယံဇာတကျိန်စာသင့်ခြင်းမျိုး မဖြစ်စေရေး သင်ခန်းစာယူလျက် မြန်မာ့အားကစားတိုးတက်ရေးအတွက် ရတနာသိုက်သဖွယ်ဖြစ်သည့် အားကစားကွင်း/ရုံတို့အား အကျိုးရှိရှိဆက်လက်အသုံးချသွားရန် အကြံပြုတိုက်တွန်းအပ်ပါကြောင်း. . .။ ။





# မိခင်ကလေးကျန်းမာရေးဘောက်ချာစနစ်စတင်

**နေပြည်တော်　　မေ　၁၁**

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးစနစ်ဖွံ့ဖြိုးရေးစီမံချက်တို့ ပူးပေါင်းကျင်းပသည့် မိခင်ကလေးကျန်းမာရေးဘောက်ချာစနစ် စတင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မိခင်ကလေးကျန်းမာရေးဘောက်ချာစနစ် စတင်အကောင်အထည်ဖော်သည့် ယနေ့သည် ကျန်းမာရေးကဏ္ဍ၏ အရေးကြီး သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ကဏ္ဍအသီးသီးကို တိုက်တွန်းပြောကြားလိုကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် ပြည်သူများသာ တိုင်းပြည် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယနေ့ စတင်ဆောင်ရွက်သည့် “မိခင်ကလေးကျန်းမာရေးဘောက်ချာစနစ်”သည် မိခင်များ၏ ကျန်းမာရေးသာမက အနာဂတ်မျိုးဆက်သစ် ကလေးသူငယ်များ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာမည့်လုပ်ငန်းရပ်ဖြစ်၍ တိုင်းပြည်အနာဂတ်အတွက် အကျိုးရှိမည့်လုပ်ငန်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Public Health Administrator Dr. Salma Burtonတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျန်းမာရေးစနစ် ဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်း မိခင်ကလေးကျန်းမာရေးဘောက်ချာစနစ် စတင်ခြင်းအထိမ်းအမှတ် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်တွင်း၊ ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန် ကြေညာချက်ထုတ်ပြန်

၁။ မဟာစင် (MAHASEN) ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဆိုင်ကလုန်းမုန်တိုင်းသည် လက်ရှိအဝါရောင်အဆင့်သာရှိသော်လည်း မေ ၁၃ ရက် မွန်းလွဲပိုင်းမှ စတင်ပြီး အရှေ့မြောက်ဘက်သို့ ကွေ့လျက် မေ ၁၆ ရက် နံနက်ပိုင်းခန့်တွင် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ဘက်ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီးငါးဖမ်းလှေများ၊ ပြည်တွင်း၊ ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် အဆိုပါမုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများတွင် အချိန်မီခိုလှုံကြပါရန် အသိပေးကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း (မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်)

(ခ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဂ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဃ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ (မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄. ၄၀ မိနစ်)

(င) ဧရာဝတီတိုင်းဒေသကြီး ကဒုံကနိကျေးရွာ (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်)

၃။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်းမပြုကြရန်နှင့် နီးစပ်ရာလုံခြုံသည့်ကျွန်းများတွင် ကျွန်းခိုကြရန် အသိပေးကြေညာအပ်ပါသည်။

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**



# CNG အိုးဖွင့်/ပိတ် ကြမ်းခင်းတံခါးပိတ်ရန် မေ့လျော့ခြင်းကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အရေးယူခံရ

**သတင်း-သော်ဇက်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသော ပါရမီ (၁၈၂)အထူး ယာဉ်လိုင်းမှ ယာဉ်အမှတ် ၂ဂ/----သည် CNG အိုးဖွင့်/ပိတ်ကြမ်းခင်းတံခါးပိတ်ရန် မေ့လျော့မှုကြောင့် ယာဉ်မှူး ဦးပြည့်ဖြိုးကျော်နှင့် ယာဉ်အကူ ဦးသန်းဝင်းဇော်တို့နှစ်ဦးအား သက်ဆိုင်ရာ ယာဉ်လိုင်းတာဝန်ရှိသူတို့က လိုင်းချ ပြစ်ဒဏ်နှစ်ပတ် ချမှတ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ယာဉ်သည် ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် လေးထောင့်ကန်ဂိတ်ရင်းမှ စတင်ထွက်ခွာ၍ မြောက်ဒဂုံမြို့နယ် တောင်/မြောက် လမ်းဆုံရှိ တံတားဖြူသဘာဝဓာတ်ငွေ့အရောင်းဆိုင်တွင် CNG ဖြည့်တင်းပြီး လမ်းကြောင်းအတိုင်း ထွက်ခွာလာစဉ် ယာဉ်အကူဖြစ်သူ ဦးသန်းဝင်းဇော်မှာ CNG အိုးဖွင့်/ပိတ် ကြမ်းခင်းတံခါးအား မပိတ်မိဘဲ မေ့လျော့ခဲ့ပြီး ခရီးစဉ်တစ်ဝက်ကျော်ပြီးနောက် ခရီးသွားပြည်သူတစ်ဦးက သတိပေးမှသာ ကြမ်းခင်းတံခါးအား ပြန်လည်ပိတ်မိခဲ့ကြောင်းသိရသည်။

ထိုသို့အများပြည်သူများ ခရီးသွားလာသည့်အခါ အန္တရာယ်ဖြစ်ပေါ်မှု မရှိစေရန် သက်ဆိုင်ရာ ယာဉ်လိုင်းတာဝန်ရှိသူတို့က အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးလျှင် ယာဉ်မောင်းများနှင့် ယာဉ်အကူများက စည်းကမ်းများကို လိုက်နာဆောင်ရွက်နိုင်မည် ဟုထင်ပါသည်။

# နိုင်ငံခြားသားထံမှ ပစ္စည်းခိုးယူသူအား ဖော်ထုတ်ရမိ

**ရန်ကုန်　　မေ　၁၁**

ဧပြီ ၂၅ ရက် နံနက် ၄ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မဟာမြတ်မုနိဘုရား၌ ထိုင်းနိုင်ငံသား Mr. Konoon Aichayavanich သည် ဘုရားဖူးလာရောက်စဉ် မြန်မာငွေ၊ အမေရိကန်ဒေါ်လာ၊ ကင်မရာ၊ မျက်မှန်နှင့် အခြားပစ္စည်းများပါသော ၎င်း၏ ကျောပိုးအိတ်ပျောက်ဆုံးသွားခဲ့ကြောင်း အကြောင်းကြားချက်အရ မန္တလေးအမှတ် (၁၀) ရဲစခန်းမှ တပ်ဖွဲ့ဝင်များက မဟာမြတ်မုနိဘုရားကြီးရှိ CCTV ကင်မရာမှတ်တမ်းမှတစ်ဆင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင်ရပ်ကွက်နေ မချစ်စု (ခ) ဘောပြား (၂၄)နှစ်မှာ CCTV မှတ်တမ်းတွင်ပါရှိသည့် ပစ္စည်းခိုးယူသွားသူနှင့် တူညီသည့်အချက်များ တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မချစ်စု(ခ) ဘောပြားမှာ အခင်းဖြစ်ပွားသည့် နံနက် ၄ နာရီခွဲတွင် ဘုရားကြီးရင်ပြင်တော်ပေါ်သို့ သွားရောက်ပြီး နိုင်ငံခြားသားတစ်ဦး ဘုရားဖူးပြီး ဓာတ်ပုံရိုက်နေစဉ် အိတ်အားခိုးယူ၍ အိတ်အတွင်းမှ မြန်မာငွေ၊ ဒေါ်လာငွေများနှင့် ကင်မရာတို့ကို ထုတ်ယူပြီး အိတ်အား ကျွန်းလုံးဥသျှောင်ရပ်ကွက် ဆုတောင်းပြည့်ဓမ္မာရုံဘုရားအတွင်း လွှင့်ပစ်ခဲ့ကြောင်း၊ ကင်မရာကို ဆုတောင်းပြည့်ဖောင်တော်ဦးဘုရားစေတီငယ်အတွင်း ဝှက်ထားခဲ့ကြောင်း၊ ခိုးယူရရှိသည့် ဒေါ်လာငွေများကို အမျိုးသားတစ်ဦးထံ ရောင်းချခဲ့ကြောင်း၊ သပိတ်ကျင်းမြို့နယ် ရေထွက်ကျေးရွာရှိ အစ်မ မမိုးမိုး (ခ) မဇာလီထံသွားရောက်၍ ရရှိသောငွေဖြင့်ဝယ်ထားသည့် ရွှေလက်စွပ်နှင့် ငွေကျပ် ၃၅၀၀၀ ကို အပ်နှံခဲ့ကြောင်း ကျန်ငွေများဖြင့် ပစ္စည်းများဝယ်ယူသုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမေရိကန် ၁၃၄ ဒေါ်လာ၊ မြန်မာငွေကျပ် ၃၅၀၀၀၊ တန်ဖိုးငွေကျပ် ၅၀၀၀၀ ရှိရွှေလက်စွပ်တစ်ကွင်း၊ ဝှက်ထားခဲ့သည့် ကင်မရာ၊ မျက်မှန်နှင့် အိတ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ မချစ်စု(ခ) ဘောပြားအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နောက်ကျချေပဂိုးကြောင့် ရတနာပုံ သရေတစ်မှတ်ရ

**ရန်ကုန်　　မေ　၁၁**

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် ၁၁ ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**(သုဝဏ္ဏကွင်း)**

**ရတနာပုံ - နှစ်ဂိုး**
**(အောင်မြင့်အေး၊ ဒီဂျမ်)**
**ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး**
**(ဆီဇာနှင့် ကိုနေး)**

ပွဲချိန်မိနစ် ၉၀ အထိ ရန်ကုန်အသင်းကို ရတနာပုံတို့ ရှုံးနိမ့်နေခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ရရှိခဲ့သည့်ချေပဂိုးကြောင့် သရေတစ်မှတ်ရခဲ့ခြင်းဖြစ်သည်။ အမာခံကစားသမားအချို့ ဒဏ်ရာပြဿနာနှင့် ကြုံတွေ့နေရသည့် ရန်ကုန်အသင်း၏ကစားပုံမှာ အားရစရာမရှိခဲ့ဘဲ ရတနာပုံအသင်းကလည်း ယခင်ပွဲများထက် အားပိုထည့်ပြီး ကစားခဲ့သောကြောင့် ရန်ကုန်အသင်း အခက်တွေ့ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အတွက် ဂိုးများကို ၁၈ မိနစ်တွင် ဆီဇာ၊ ၃၃ မိနစ်တွင် ကိုနေးတို့က သွင်းယူခဲ့ပြီး ရတနာပုံအတွက် ဂိုးများကို ၁၄ မိနစ်တွင် အောင်မြင့်အေး၊ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဒီဂျမ်တို့က သွင်းယူပေးခဲ့သည်။

**(အောင်ဆန်းကွင်း)**

**ဇွဲကပင် - သုံးဂိုး**
**(နာအူမော့စ်-နှစ်ဂိုး၊ တိုနီ)**
**ဟံသာဝတီ - တစ်ဂိုး**
**(ညီညီအောင်)**



ရန်ကုန်နှင့်ရတနာပုံတို့ ယှဉ်ပြိုင်နေစဉ်။

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**
**Southern - ဧရာဝတီ**
**(အောင်ဆန်းကွင်း)**
**မကွေး - ကမ္ဘောဇ**




ပြည်တွင်းသတင်း

# မကွေးတိုင်းဒေသကြီးရှိ ထွက်ကုန်များ ဧရာဝတီတံတား(မလွန်)မှတစ်ဆင့် ဖြတ်သန်းသယ်ပို့နိုင်ကြတော့မည်



ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် အမှာစကားပြောကြားစဉ်။ (ဝဲပုံ)
(သတင်းစဉ်)



ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် အမှာစကား ပြောကြားစဉ်။ (ယာပုံ)
(သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ရှည်လျားကျယ်ဝန်းလှသော ဧရာဝတီမြစ်ကြီးကြောင့် ကုန်ဆုံးရမည့် အချိန်နှင့် ပို၍ကုန်ဆုံးရသည့် စရိတ်စကများကို ကျော်လွှားနိုင်ရန်အလို့ငှာ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်က ဧရာဝတီမြစ်ကူးတံတားများကို ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးခြင်းပင်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့် နိုင်ငံ့အခြေခံ အဆောက်အအုံများထဲတွင် လမ်းတံတားများသည်လည်း အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါကြောင်း၊

လာမည့် ၂၀၁၅ခုနှစ်တွင် ပေါ်ထွက်တော့မည့်အာဆီယံအသိုက် အဝန်းအတွင်း တစ်နိုင်ငံမှတစ်နိုင်ငံသို့ လွတ်လပ်စွာကုန်စည်စီးဆင်းနိုင်ခြင်း၊ လွတ်လပ်စွာကူးသန်းသွားလာနိုင်ခြင်း၊ လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ လွတ်လပ်စွာဝင်ရောက်အလုပ်လုပ်ကိုင်နိုင်ခြင်းနှင့် လွတ်လပ်စွာလည်ပတ်နိုင်ခြင်းစသည့် အခွင့်အလမ်းများကို ရရှိကြမည်ဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာသည်နှင့်အတူ ယနေ့ကမ္ဘာတွင် ခေတ်စားနေသော နိုင်ငံတကာခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ တိုးတက်ရရှိလာမည့် အလုပ်အကိုင်များကြောင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံချက်ကိုလည်း တစ်နည်းတစ်ဖုံ အားပေးကူညီရာ ရောက်စေမည်ဖြစ်ပါကြောင်း။

ကားလမ်းနှင့်ရထားလမ်းပါသည့် ဤဧရာဝတီတံတား(မလွန်) အပါအဝင် မြန်မာအင်ဂျင်နီယာများ၏ နေ့ရောညပါ ကြိုးပမ်းအားထုတ်မှုကြောင့် ယခုကဲ့သို့ ကမ္ဘာ့အဆင့်မီတံတားကြီးများ တစ်ပြိုင်တည်း တည်ဆောက်နိုင်သည့်အတွက် တံတားကြီးများတည်ဆောက်ရာတွင်ပါဝင်ကြသည့် တာဝန်ရှိသူများ၊ တာဝန်ယူဆောင်ရွက်သူများအားလုံးကို နိုင်ငံတော်၏ ကိုယ်စား များစွာဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်အပ်ပါကြောင်း။

မိဘ ပြည်သူများအနေဖြင့် ယခုလက်ငင်း အကျိုးကျေးဇူးခံစားသွားကြရမည် ဖြစ်သကဲ့သို့ ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မာစွာ အသုံးပြုသွားနိုင်အောင် ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြရန် လိုအပ်လှပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းများကို ကိုယ်စီကိုယ်င လိုက်နာအသုံးပြုသွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပြောကြားခဲ့သည်။

အဆိုပါတံတားဖွင့်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဤတံတားကြီးသည် ဧရာဝတီမြစ်အရှေ့ဘက်ရှိ ရန်ကုန်-ပြည်-မကွေး ပြည်ထောင်စုလမ်းမကြီးနှင့် မြစ်အနောက်ဘက်ရှိ စစ္စနိုး- ကန်တုတ်လမ်း၊ ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီးတို့ကို ဆက်သွယ်ပေးထားသည့် တံတားကြီးဖြစ်သည့်အပြင် မလွန်- မင်းလှ ကားလမ်းမှ တစ်ဆင့် စစ်တွေ၊ ကျောက်ဖြူစသော ရေနက်ဆိပ်ကမ်းမြို့များ ၊အထက်မြန်မာပြည်မြို့များ၊ ပုသိမ်- မုံရွာလမ်းမကြီး ၊ မုံရွာ- ဂန့်ဂေါ- ကလေး- ကလေးဝ- ကျီးကုန်း- တမူးလမ်းများကို ဆက်သွယ်ပေးထားပြီး ပြည်ပနိုင်ငံများနှင့်ပါ ကူးလူးဆက်သွယ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အလားတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုတံတားကြီးပေါ်မှ ဖြတ်သန်းသွားမည့် မြန်မာ့မီးရထားလမ်းကြီးကို အသုံးပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မင်းလှမှ အရှေ့ဘက်ခြမ်း မကွေး၊ တောင်တွင်းကြီးဘက်သို့ အလွယ်တကူသွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ ရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်နိုင်ခဲ့ပြီး ဒေသအသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံနိုင်ခဲ့ပြီဖြစ်သဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အတူ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပေါင်းများစွာကို လက်ယှက်ထိုး ဖောက်လုပ်ပေးနေသကဲ့သို့ တံတားပေါင်းများစွာကိုလည်း ဖွင့်လှစ်ပေးနေသည်ကို အားလုံးအသိအမြင်ပင်ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့သည်နှင့်အမျှ ကုန်ထုတ်လုပ်ငန်းနှင့် ကုန်သွယ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်သကဲ့သို့ ဒေသစီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများပါ ဆက်တိုက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် ဧရာဝတီတံတား(မလွန်)၏ မိကျောင်းရဲဘက်ကမ်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးဇေယျာအောင်၊ ဦးအေးမြင့်ကြူနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယသမ္မတနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တံတားကြီးပေါ်မှ မလွန်ဘက်ကမ်းသို့ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း ယခုဖွင့်လှစ်သော ဧရာဝတီတံတား(မလွန်)အပါအဝင် တည်ဆောက်ပြီး တံတား ရှစ်စင်းဖြစ်ပြီး တည်ဆောက်ဆဲတံတားများဖြစ်သည့် လွှာချောင်း၊ မင်းတုန်းချောင်း၊ ဝက်ခုတ်ချောင်း၊ ပင်းချောင်း၊ ဆားဗွက်ချောင်း၊ တော်ဝင်ချောင်း၊ ရွှေချောင်းတံတားအမှတ်(၂)၊ ဆင်ဇာချောင်းတို့သည်လည်း မကြာမီပြီးစီးတော့မည်ဖြစ်သဖြင့် ပြည်သူများအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ဧရာဝတီတံတား(မလွန်)သည် အစိုးရသစ်လက်ထက်တွင်ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ အထက် (၂၆)စင်းမြောက် တံတားဖြစ်ကြောင်း သိရသည်။

တံတားကြီးတည်ဆောက်ပြီးစီးမှုနှင့်ပတ်သက်၍ မိချောင်းရဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ထွန်းက "ဒီတံတားကြီးမဆောက်ခင်ကဆိုရင် မြစ်ကြောင်းကိုပဲ အဓိကထားပြီး သွားလာရပါတယ်၊ မိုးရာသီမှာဆို ရေစီးကြမ်းတာ၊ တိမ်းမှောက်မှုဖြစ်တာတွေရှိပါတယ်၊ ဒီတံတားရဲ့ ထူးခြားချက်က ရထားလမ်းလည်း ပါ ပါတယ်၊ ဒီတံတားဖွင့်လှစ်လိုက်တဲ့အတွက် ကျွန်တော်တို့ ဒေသခံပြည်သူတွေအနေနဲ့ သွားလာရေး၊ စီးပွားရေး ဆောင်ရွက်ရာမှာ အဆင်ပြေလွယ်ကူလာမှာဖြစ်တဲ့အတွက် အများကြီးပီတိဝမ်းသာဖြစ်ရပါတယ်" ဟု ပြောပြခဲ့သည်။

အလားတူ မင်းလှမြို့နယ် ရုံးရပ်ကွက်(မြောက်ပိုင်း) အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဦးကလည်း "ဒီတံတားကြီး တည်ဆောက်လိုက်တဲ့အတွက် ကျွန်တော်တို့မြို့ကပြည်သူတွေ သွားလာရေးအဆင်ပြေချောမွေ့ လွယ်ကူပါတယ်၊ အရင်တုန်းကဆိုရင် ရေလမ်းကသွားရတာ အများကြီးခက်ခဲပါတယ်၊ အခုဆိုရင် အန္တရာယ်လည်း ကင်းသွားပါတယ်၊ ရထားလမ်းပေါက်လို့လည်း သွားရတာ အဆင်ပြေပါတယ်၊ ပြည်သူအတွက် အများကြီးအထောက်အကူပြုတဲ့အတွက် ပြည်သူတွေကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိပါတယ်၊ နိုင်ငံတော်အစိုးရကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်" ဟု ပြောပြခဲ့သည်။



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထို့ပြင် တံတားတာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းကလည်း "ဧရာဝတီမြစ်ကူးတံတားကြီး လေးစင်းနဲ့ တစ်ပြိုင်တည်း စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်၊ ရထားလမ်းပါထည့်သွင်းတည်ဆောက်ခဲ့ပြီး ဒီတံတားကြီးပြီးသွားတဲ့အတွက် အနီးအနားပတ်ဝန်းကျင်ဒေသများသာမက တစ်နိုင်ငံလုံးနှင့် ကုန်စည်ကူးသန်းသွားလာနိုင်မှာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

ဧရာဝတီတံတား(မလွန်)တွင် ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ၊ ရထားလမ်းအကျယ် ၁၄ ပေ ပါရှိပြီး တံတားခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀၊ ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၃၂၀ နှင့် အမြင့် ၅၇ ပေတို့ဖြစ်ကြောင်း၊ ထူးခြားချက်မှာ အသုံးပြုခဲ့သည့် သံမဏိသံပေါင်များသည် ပြည်ပမှ ဝယ်ယူခြင်းမဟုတ်ဘဲ ပြည်တွင်းရှိ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းပိုင်စက်ရုံမှ အတတ်ပညာရှင်များဖြင့် ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး တံတားကြီးတစ်စင်းလုံးကို ပြည်တွင်းထုတ်ပစ္စည်းများဖြင့် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုတံတားတွင်ပါရှိသော ရထားလမ်းမှာ မလွန်နှင့်ရွာတော်ကြီးဘူတာကို ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး ပုသိမ်- ကလေးလမ်းနှင့် ရန်ကုန်-ပုဂံ-မန္တလေးရထားလမ်းတို့ကို ဆက်စပ်နိုင်ရန် ဖောက်လုပ်ပေးထားခြင်းဖြစ်ကြောင်း၊ မလွန်နှင့် ရွာတော်ကြီးရထားလမ်းမှာ ၁၃ ဒသမ ၅ မိုင် ရှည်လျားပြီး ဘူတာငါးခုပါရှိကြောင်း၊ မေ ၁၂ ရက်မှစ၍ မင်းလှမှ တောင်တွင်းကြီးသို့သွားမည့် နေ့ချင်းပြန်ရထားတစ်စင်း စီစဉ်ပေးမည်ဖြစ်ကြောင်း၊ မင်းလှမှနေ့စဉ် နံနက် ၆ နာရီ ထွက်ခွာမည်ဖြစ်ပြီး တောင်တွင်းကြီးမှ ညနေ ၃ နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဧရာဝတီတံတား(မလွန်)၏ ညအလှမြင်ကွင်းအား ဤသို့တွေ့ရစဉ်။ (သတင်းစဉ်)



**❖ ကျောဖုံးမှ**

ကမ်းမှာ တောင်တန်းတွေ၊ ဘာတွေ ရှိတဲ့အတွက် ဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်လို ဒေသမျိုးဆိုရင် သူက တောင်တန်းမရှိတော့ ကမ်းဖြတ်တဲ့အချိန်လည်း အားက မကျသွားဘူး။ ပတ်ဝန်းကျင်က ပူတယ်။ ဖြတ်သန်းတဲ့ အဲဒီကမ်းရဲ့ မြေမျက်နှာသွင်ပြင်အနေအထား၊ တောင်တန်းတွေ ရှိမယ်။ အဲဒီအခါ မုန်တိုင်းကို ပြန်ကန်လာမှာ ဖြစ်တဲ့အတွက် အားက ကျသွားတယ်။ အခုကမ်းဖြတ်မယ့်နေရာကျတော့ ရခိုင်ပြည်နယ်ဆိုရင် မောင်တောနဲ့ ရခိုင်ပြည်နယ်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နားကို ဖြတ်နိုင်တယ်ဆိုပြီး တွေ့ရတယ်။ အဲဒါက မေလ ၁၆ ရက်နေ့ နံနက် ၆ နာရီခွဲလောက်လို့တွေ့ရပါတယ်။

အဲဒီလို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ကိုဖြတ်လို့ရှိရင် မြန်မာနိုင်ငံ နယ်စပ်မြို့ဖြစ်တဲ့ မောင်တော၊ စစ်တွေက ဖြတ်သန်းဝင်ရောက်မယ်။ မောင်တောကတော့ တော်တော်ခံစားရမယ်။ စစ်တွေကတော့ မောင်တောထက်စာရင် လျော့ပြီး ခံစားရမယ်။ လေအားဖြင့် တိုက်မယ်ဆိုရင်တော့ အဲဒီကမ်းဖြတ်မယ့်အချိန်မှာ တစ်နာရီမိုင် ၁၂၀ လောက် အဲဒီအချိန်မှာ တိုက်မယ်လို့ ခန့်မှန်းထားတယ်။ မောင်တောဝန်းကျင်မှာ ၁၂၀ လောက်တိုက်ပြီးတော့ စစ်တွေနဲ့ အခြားနေရာတွေမှာတော့ မိုင် ၇၀၊ ၈၀ လောက်တိုက်မယ်လို့ ခန့်မှန်းထားပါတယ်။ အခုလက်ရှိ ရောက်နေတဲ့ နေရာလေးကတော့ အလွန်ဝေးပါသေးတယ်။ စစ်တွေကနေတိုင်းမယ်ဆိုရင် မိုင် ၇၅၀၊ ၈၀၀ လောက်ရှိပါတယ်။

သို့သော်လည်း ဒီနေ့ မေလ ၁၁ ရက်နေ့ကနေ မေလ ၁၆ ရက်ဆိုတော့ နောက် ငါးရက်လောက်မှာ ကမ်းကို ဖြတ်မှာပါ။ ဒီလိုဆိုရင် ဒီသဘောတရားက မုန်တိုင်းက ပင်လယ်ထဲမှာ ငါးရက်နေတယ်လို့ အဓိပ္ပာယ်ရတယ်။ မုန်တိုင်းက

### ❍ ဆိုင်ကလုန်းမုန်တိုင်းမှ

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်ဖြစ်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မေ ၁၃ ရက်မွန်းလွဲပိုင်းမှ စတင်၍ အရှေ့မြောက်ဘက်သို့ ကွေ့လျက် မေ ၁၆ ရက်နံနက်ပိုင်းခန့်တွင် မြန်မာနိုင်ငံ(ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း)ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရကြောင်း။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

ယနေ့မှစတင်၍ ပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် FM ရေဒီယိုများမှထုတ်လွှင့်သည့် အသံလွှင့်ချက်များ၊ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ချက်များကို အလေးထားနားထောင်ကြရန် လိုအပ်သည်။

အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ ကျရောက်ခြင်း၊ လှိုင်းကြီးခြင်းများဖြစ်ပေါ်နိုင်သောကြောင့် အထူးသတိပြုနေထိုင်သွားကြရန်၊ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြရန်နှင့် လိုအပ်ပါက ရှောင်ရှားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်သည်။

မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် တိုင်းဒေသကြီး/ပြည်နယ်များ၌ မေ ၁၄ ရက်၊ ၁၅ ရက်တို့တွင် အထူးသတိရှိကြရန်နှင့် မုန်တိုင်း ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်သန်းဝင်ရောက်မည့် မေ ၁၆ ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်း အထူးသဖြင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့၌ မိုးကြီးနိုင်ကြောင်း၊ မိုးကြီးမှုကြောင့် မြေပြိုခြင်း၊ တောင်ကျရေများ ပြင်းထန်စွာ စီးဆင်းခြင်းစသည့် အန္တရာယ်များရှိနိုင်သဖြင့် ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း သိရသည်။ မေ ၁၆ ရက် နံနက်ပိုင်းတွင် ရခိုင်ကမ်းရိုးတန်း မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ် ကမ်းခြေဆီသို့ ဖြတ်၍ မုန်တိုင်းဝင်ရောက်နိုင်ကြောင်း ခန့်မှန်းချက်များအရ ရခိုင်ပြည်နယ် မောင်တောနှင့် စစ်တွေတို့တွင် မုန်တိုင်းဒဏ်ခံရနိုင်ပြီး မောင်တောမြို့သည် မုန်တိုင်းဒဏ် ပိုမိုခံရဖွယ်ရှိကြောင်း၊ ထိုသို့ မုန်တိုင်းဝင်ရောက်ချိန်တွင် လေတိုက်နှုန်းအနေဖြင့် တစ်နာရီလျှင် မိုင် ၁၂၀ ခန့်ရှိနိုင်ကြောင်း သိရသဖြင့် လေပြင်းဒဏ်ခံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်ပြီး နေ့စဉ်ထုတ်သတင်းစာများတွင်လည်းကောင်း၊ မြန်မာ့အသံနှင့် FM ရေဒီယိုများ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှလည်းကောင်း မုန်တိုင်းသတင်းနှင့် ပတ်သက်၍ အချိန်မီထုတ်ပြန်ပေးသွားမည်ဖြစ်ရာ မုန်တိုင်းကင်းရှင်းသည့်အချိန်ထိ ကြိုတင်ပြင်ဆင်မှုများကို သတိပြုလိုက်နာဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

**(သတင်းစဉ်)**



### ❖ ကျောဖုံးမှ

ကမ်းမှာ တောင်တန်းတွေ၊ ဘာတွေရှိတဲ့အတွက် ဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်လို ဒေသမျိုးဆိုရင် သူက တောင်တန်းမရှိတော့ ကမ်းဖြတ်တဲ့အချိန်လည်း အားက မကျသွားဘူး။ ပတ်ဝန်းကျင်က ပူတယ်။ ဖြတ်သန်းတဲ့ အဲဒီကမ်းရဲ့ မြေမျက်နှာသွင်ပြင်အနေအထား၊ တောင်တန်းတွေရှိမယ်။ အဲဒီအခါ မုန်တိုင်းကို ပြန်ကန်လာမှာ ဖြစ်တဲ့အတွက် အားက ကျသွားတယ်။ အခု ကမ်းဖြတ်မယ့်နေရာကျတော့ ရခိုင်ပြည်နယ်ဆိုရင် မောင်တောနဲ့ ရခိုင်ပြည်နယ်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နားကို ဖြတ်နိုင်တယ်ဆိုပြီး တွေ့ရတယ်။ အဲဒါက မေလ ၁၆ ရက်နေ့ နံနက် ၆ နာရီခွဲလောက်လို့တွေ့ရပါတယ်။

အဲဒီလို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ကိုဖြတ်လို့ရှိရင် မြန်မာနိုင်ငံ နယ်စပ်မြို့ဖြစ်တဲ့ မောင်တော၊ စစ်တွေက ဖြတ်သန်းဝင်ရောက်မယ်။ မောင်တောကတော့ တော်တော်ခံစားရမယ်။ စစ်တွေကတော့ မောင်တောထက်စာရင် လျော့ပြီး ခံစားရမယ်။ လေအားဖြင့် တိုက်မယ်ဆိုရင်တော့ အဲဒီကမ်းဖြတ်မယ့်အချိန်မှာ တစ်နာရီမိုင် ၁၂၀ လောက် အဲဒီအချိန်မှာ တိုက်မယ်လို့ ခန့်မှန်းထားတယ်။ မောင်တောဝန်းကျင်မှာ ၁၂၀ လောက်တိုက်ပြီးတော့ စစ်တွေနဲ့ အခြားနေရာတွေမှာတော့ မိုင် ၇၀၊ ၈၀ လောက်တိုက်မယ်လို့ ခန့်မှန်းထားပါတယ်။ အခုလက်ရှိ ရောက်နေတဲ့ နေရာလေးကတော့ အလွန်ဝေးပါသေးတယ်။ စစ်တွေကနေ တိုင်းမယ်ဆိုရင် မိုင် ၇၅၀၊ ၈၀၀ လောက်ရှိပါတယ်။

သို့သော်လည်း ဒီနေ့ မေလ ၁၁ ရက်နေ့ကနေ မေလ ၁၆ ရက်ဆိုတော့ နောက် ငါးရက်လောက်မှာ ကမ်းကို ဖြတ်မှာပါ။ ဒီလိုဆိုရင် ဒီသဘောတရားက မုန်တိုင်းက ပင်လယ်ထဲမှာ ငါးရက်နေတယ်လို့ အဓိပ္ပာယ်ရတယ်။ မုန်တိုင်းက ပင်လယ်ထဲမှာ ငါးရက်နေတယ်ဆိုရင် ပင်လယ်ထဲက ရေငွေ့ကို ငါးရက်လုံးလုံးရမယ်။ ရေငွေ့တွေ ရနေမယ်လေ။ ဒီဘင်္ဂလားပင်လယ်အော်ထဲက ရေငွေ့တွေကို ဆွဲယူနေတယ်။ ဆွဲယူနေမယ်ဆိုတဲ့အတွက် အင်အားကျမသွားဘူး။ ရေငွေ့တိုးလာလေ အင်အားတိုးလာလေဖြစ်မယ်။ ရေငွေ့ထဲမှာ အောင်းရေဆိုတာရှိတယ်။ အောင်းရေကြောင့် မုန်တိုင်းရဲ့ ရွေ့တဲ့နှုန်းကလည်း မြန်လာမယ်။ ပြီးတော့ မုန်တိုင်းကြောင့် တိုက်မယ့် အများဆုံးလေတိုက်နှုန်းကလည်း တဖြည်းဖြည်း တက်လာမယ်။ မြင့်တက်လာမယ်ဆိုတော့ ဒီနေ့ မေ ၁၁ ရက်နေ့ကနေ ခန့်မှန်းကြည့်လိုက်မယ်ဆိုရင် မေ ၁၆ ရက်နေ့အထိဆိုရင် ၆၀၊ ၇၀ ကနေပြီးတော့ ၁၂၀၊ ၁၃၀ အထိ တဖြည်းဖြည်းတက်လာမယ်လို့ သချာ်ပုံစံတွေအရ ခန့်မှန်းထားတယ်။

ဒီခန့်မှန်းချက်ကိုတော့ အာရှဒေသ ကိုယ်စားလှယ်ရုံး Regional Specialized Metrorological Center လို့ခေါ်တဲ့ အိန္ဒိယနိုင်ငံကနေ ထုတ်တာပါ။ ဒီ RSMC လို့ခေါ်တဲ့ စင်တာတွေဟာ အဲဒီဒေသထဲမှာရှိတဲ့ သူ့ဒေသထဲမှာရှိတဲ့ အမျိုးသား မိုးလေဝသတွေကို ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းတွေပေးတယ်။ အကြံဉာဏ်ပေးတယ်။ အခုလို မုန်တိုင်းတွေဖြစ်ရင် မုန်တိုင်းနာမည်ပေးတာ၊ အခု မုန်တိုင်းကို နာမည်ပေးတာကတော့ မဟာစင် (Mahasen)လို့ နာမည်ပေးထားပါတယ်။ အဲဒီ မုန်တိုင်းဟာ တဖြည်းဖြည်းတော့ အားကောင်းလာမယ်။ ဒါပေမယ့် လမ်းကြောင်းကို ကြည့်မယ်ဆိုရင် အနောက်မြောက်ကို ခွာသွားတဲ့အတွက်ကြောင့် မြစ်ဝကျွန်းပေါ်နဲ့ မွန်၊ တနင်္သာရီကမ်းရိုးတန်းတွေ သက်သာသွားတယ်။ အကယ်၍ အဲဒီလို မခွာဘဲနဲ့ မြန်မာနိုင်ငံထဲကို တည့်တည့်ဝင်လာမယ်ဆိုရင် မသက်သာပါဘူး။ ဒါကလည်းကံတရားပါပဲ။ သူက ကမ်းကို ခွာသွားပြီးမှ ပြန်ပြီးတော့ ကွေ့ဝင်မယ်ဆိုတော့ မုန်တိုင်းကမ်းဖြတ်ခါနီးမှာတော့ ရခိုင်ကမ်းရိုးတန်းမှာ မိုးသက်လေပြင်းကျတာ၊ လှိုင်းလေကြီးတာတို့ခံစားရမယ်။

**မေး။ အဲဒီမုန်တိုင်းလမ်းကြောင်းမှာ ဖြတ်သန်းတဲ့အခါ နေပြည်တော်အပါအဝင် မြန်မာနိုင်ငံအတွင်းမှာ မုန်တိုင်းရဲ့ အကျိုးသက်ရောက်မှုတွေ ရှိနိုင်ပါသလား။**



ဦးချစ်ကျော်
ဒုတိယညွှန်ကြားရေးမှူး
(မိုးလေဝသဌာနခွဲ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

ဖြေ။ ရှိပါတယ်။ မုန်တိုင်းက ပုသိမ်ရဲ့ အရှေ့တည့်တည့်ကို ရောက်တာနဲ့ ဧရာဝတီတိုင်း ဒေသကြီးမှာ မိုးရွာမယ်။ ပင်လယ်ပြင်မှာ လေပြင်းကျမယ်။ ဒါပေမယ့် မုန်တိုင်းကြီးဒဏ်ကို မခံစားရဘူး။ မုန်တိုင်းရဲ့ အကျိုးသက်ရောက်မှုက မေလ ၁၄ ရက်နေ့မှာ မြစ်ဝကျွန်းပေါ်ဒေသက စပြီး ခံစားရမယ်။ အဲဒါပြီးတော့ ရခိုင်ဘက်ကို ဆက်တက်မယ်။ အဲလို ဆက်တက်မယ်ဆိုရင် ၁၅ ရက်နေ့မှာဆိုရင် ရခိုင်ကမ်းရိုးတန်းက ပင်လယ်ပြင်ကိုမထွက်ရတဲ့အခြေအနေကို ဖြစ်သွားမယ်။ အလူးအလဲဖြစ်နေပြီ။ တစ်ခါ ခုနပြောသလို မုန်တိုင်းကမ်းကို ဖြတ်လိုက်ပြီဆိုရင်တော့ မြန်မာနိုင်ငံ အလယ်ပိုင်း အထူးသဖြင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီးတွေမှာ မိုးကြီးပါမယ်။ နောက်ဆက်တွဲက မိုးကြီးရင် လျှပ်တစ်ပြက် ရေကြီးမယ်။ ဒါပြီးခဲ့တဲ့ နှစ်တုန်းကလည်း ပခုက္ကူတို့ ဘက်မှာ ကြုံခဲ့ရတယ်။ အဲဒါမိုးကြီးလို့ ဖြစ်ခဲ့တာ။ ဧရာဝတီမြစ်က ရေကြီးတာ မဟုတ်ဘူး။ တောင်ပေါ်မှာ ရွာလိုက်တဲ့ မိုးတွေက အရှိန်အဟုန်နဲ့ မြစ်ထဲကို ဆင်းတော့ အဲဒီရေဆင်းတဲ့လမ်းကြောင်းမှာ ရှိတဲ့ရွာတွေ၊ စိုက်ခင်းတွေ၊ ကျွဲ၊ နွားတိရစ္ဆာန်တွေ၊ အဆောက်အအုံတွေ၊ ရေတိုက်စားခြင်းခံရတယ်။ အဲဒါကို လျှပ်တစ်ပြက်ရေကြီးတယ်လို့ ခေါ်တယ်။

အခု ဒီလို ကမ်းဖြတ်လို့ရှိရင် ဒီဒေသတွေဟာ လျှပ်တစ်ပြက်ရေကြီးပြီးတော့ ဒီရေစီးကြောင်းထဲမှ တိုက်စားပြီးတော့ ပါသွားတာတွေ ခံစားနိုင်ရပါတယ်၊ အလားတူပဲ ဒီလိုကမ်းကပ်နေချိန်မှာ မောင်တောနှင့် စစ်တကောင်းကြားထဲကို ဖြတ်တယ်ဆိုပေမယ့်၊ စစ်တွေရော၊ ကျောက်ဖြူရော၊ သံတွဲရော မိုးသည်းထန်စွာ ရွာတာမျိုးဖြစ်နိုင်ပါတယ်။

**မေး။ မိုးအကြီးအကျယ်ရွာမယ်ဆိုတော့ မုန်တိုင်းဒီရေတက်ရောက်နိုင်မှုအခြေအနေကို သိချင်ပါတယ်။**

ဖြေ။ မုန်တိုင်းဒီရေကတော့ မောင်တောခရိုင်နဲ့ စစ်တွေခရိုင်ကြားမှာ မုန်တိုင်းဒီရေတက်ပါမယ်၊ သို့သော် ဘယ်လောက်ပမာဏတက်မလဲဆိုတာကိုတော့ မုန်တိုင်းကမ်းဖြတ်ခါနီးမှာရှိတဲ့ မုန်တိုင်းရဲ့အချက်အလက်တွေဖြစ်တဲ့ မုန်တိုင်းရဲ့ဗဟိုမှာ လေဖိအားသက်ရောက်မှု၊ လေဖိအားအတက်အကျကို ကြည့်ရပါမယ်၊ မုန်တိုင်းဗဟိုချက်ရဲ့ လေဖိအားကျလေ မုန်တိုင်းကြောင့် မြင့်တက်လာတဲ့ ရေလှိုင်း အရင်တုန်းကတော့ မုန်တိုင်းဒီရေလို့ခေါ်ပါတယ်၊ အခုမုန်တိုင်းဒီရေလို့မခေါ်တော့ပါဘူး၊ ရိုးရိုးဒီရေနဲ့ ရောမှာစိုးတာပါ၊ နာဂစ်တုန်းက မြစ်ဝကျွန်းပေါ်ဒေသက လူတွေဟာ မုန်တိုင်းဒီရေလို့ပြောတော့ ဒီရေဟာ သူတို့နေထိုင်ရာ ဒေသတွေမှာ အမြဲကြုံတွေ့နေရတာကြောင့် အလေးအနက် သိပ်မထားခဲ့ကြပါဘူး၊ အခု ပြောထားတဲ့ မုန်တိုင်းဒီရေဆိုတာ မုန်တိုင်းကြောင့် ကမ်းပေါ်ကိုရေကို ပင့်တင်လိုက်တာကို ပြောတာပါ၊ မုန်တိုင်းက လေတိုက်နှုန်း တစ်နာရီမိုင် ၁၀၀ ကျော် တိုက်တယ်ဆိုရင် အဲဒီရေလှိုင်းက ကမ်းပေါ်ကို တစ်နာရီမိုင် ၅၀/၆၀ နှုန်းဖြင့် ပြေးပါတယ်၊ အမြင့်ကတော့ ကမ်းရဲ့ အနေအထားပေါ် မူတည်ပါတယ်၊ ကမ်းခြေရေတိမ်ပိုင်းဆိုရင် ရေလှိုင်း ပိုမြင့်တယ်။

မြစ်ဝကျွန်းပေါ်ဆိုရင် ကမ်းဦးရေတိမ်ပိုင်းဒေသဖြစ်တဲ့အတွက် လှိုင်းအမြင့်ကြီးပါမယ်၊ ရခိုင်ကမ်းမြောင်ဒေသဆိုရင် ရေနက်တဲ့အတွက် လှိုင်းပိုမိုတက်ရောက်နိုင်ခြင်းမရှိပါဘူး။ မှတ်တမ်းများအရ မုန်တိုင်းတစ်ခုက ၁၂ ပေလောက်ထိ တက်ရောက်ခဲ့ပါတယ်၊ မာလာမုန်တိုင်းမှာဆိုရင် ဂွမြို့မှာ ၁၅ ပေခွဲလောက်ထိ တက်ခဲ့တယ်၊ နာဂစ်မုန်တိုင်းမှာတော့ ၂၃ ပေခွဲလောက်ထိ တက်ခဲ့ပါတယ်၊ ဒါက မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်တဲ့အတွက် ပိုတက်ရခြင်းဖြစ်ပါတယ်၊ အခု မုန်တိုင်းနဲ့အတူ ဖြစ်ပေါ်လာမယ့် မုန်တိုင်းဒီရေလှိုင်းတက်မှုကိုတော့ မုန်တိုင်းကမ်းမကပ်ခင် ၄၈ နာရီအလိုကျရင် မုန်တိုင်းဒီရေ တက်ရောက်နိုင်မယ့် မြို့နယ်နှင့် ဒေသများကို မုန်တိုင်းကြောင့် ဒီရေတက်ရောက်နိုင်မှု ပမာဏတွေကို ခွဲခြားပြီး ကြိုတင်အသိပေးသွားမှာဖြစ်ပါတယ်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှာ လျှပ်တစ်ပြက် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းတွေ ဖြစ်ပေါ်နိုင်တဲ့အတွက် အထူးဂရုစိုက်သင့်ပါတယ်၊ အထူးဂရုစိုက်သင့်သည်ဆိုရာမှာလည်း ဘာလုပ်သင့်သလဲဆိုတော့ တောင်ကျချောင်းများ စီးဆင်းရာလမ်းကြောင်းတစ်လျှောက်မှာ သစ်ပင်တွေ ပြိုလဲနေတာ၊ အမှိုက်သရိုက်တွေ ပိတ်ဆို့နေတာ၊ ချောင်းရိုးမြောင်းရိုး တိမ်ကောနေတာတွေကို ဖော်ထုတ်ရှင်းထားသင့်ပါတယ်။

ဒါမှ ဝါးလုံးထိုး စီးဆင်းလာမယ့် တောင်ကျ ချောင်းရေတွေဟာ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်များအတွင်းကို ရေကြီးရေလျှံခြင်းနဲ့ ကမ်းနံဘေး တိုက်စားမှုမရှိဘဲ အလွယ်တကူ စီးဆင်းသွားနိုင်မှာ ဖြစ်သလို ဒေသခံပြည်သူတွေအတွက် အသက်အိုးအိမ်ဆုံးရှုံးနစ်နာခြင်းတွေ မဖြစ်ပေါ်နိုင်မှာဖြစ်ပါတယ်၊ ဒါ့အပြင် ချောင်းကမ်းနံဘေးမှာ နေထိုင်ကြသူများအနေနဲ့ ရေစီးဆင်းမှုလမ်းကြောင်းနဲ့ ဝေးရာကို ကြိုတင်ရွှေ့ပြောင်းနေထိုင်သင့်ပါတယ်၊ ကြိုတင်ပြင်ဆင် ရှောင်ရှားမယ်ဆိုရင် ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ သင်ခန်းစာတွေအပေါ် မူတည်ပြီးတော့ မိဘပြည်သူများအနေဖြင့် ရှောင်ရှားနိုင်အောင် ကြိုတင်အကြံပေးတင်ပြတာပါ။

သဘာဝ ဘေးအန္တရာယ်များအနေဖြင့် ရှောင်လွှဲနိုင်ဖို့ ခက်ခဲပါတယ်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသခံမိဘပြည်သူများကပါ မိုးလေဝသဌာနက ထုတ်ပြန်ကြေညာချက်တွေအပေါ် အလေးအနက်ထား ကြိုတင်ပြင်ဆင်ထားပါက ၁၀၀ ရာခိုင်နှုန်းထိခိုက်နိုင်မှုများကို ၂၀ ရာခိုင်နှုန်းအထိလျှော့ချပေးသွားနိုင်မှာဖြစ်ပါတယ်၊ အခု လက်ရှိဖြစ်ပေါ်နေသည့် မုန်တိုင်း စတင်ဖြစ်ပွားချိန်ကစပြီး အခု ရောက်ရှိနေတဲ့ တည်နေရာ၊ လားရာလမ်းကြောင်း၊ ဝင်ရောက်သွားနိုင်မည့် နေရာတွေ မျက်ခြည်မပြတ်စောင့်ကြည့်နေပါတယ်၊ မုန်တိုင်းနဲ့ သက်ဆိုင်တဲ့ ထူးခြားဖြစ်စဉ်အခြေအနေတွေကို နိုင်ငံပိုင် ရေဒီယိုရုပ်မြင်သံကြားနဲ့ သတင်းစာတွေအပြင် သတင်းမီဒီယာအားလုံးကို အချိန်နဲ့ တစ်ပြေးညီပေးပို့ပြီး မုန်တိုင်းသက်ရောက်နိုင်တဲ့ဒေသတွေမှာရှိနေတဲ့ ဒေသခံမိဘပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နေပါတယ်၊ ဒီလိုမျိုးဆောင်ရွက်ရာမှာလည်း ခိုင်မာတိကျသေချာတဲ့ သတင်းအချက်အလက်တွေရအောင် အာရှဒေသဆိုင်ရာနဲ့ မုန်တိုင်းနဲ့ နီးစပ်တဲ့ ဒေသတွင်း မိုးလေဝသဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်၊ မုန်တိုင်းသတင်းများကို မီဒီယာများကတစ်ဆင့် ထုတ်ပြန်ရာတွင် အဓိပ္ပာယ်မရှင်းလင်းသည်များရှိပါက နေပြည်တော် ဖုန်းနံပါတ်-၀၆၇-၄၁၁၂၅၀၊ ၄၁၁၂၅၁ နဲ့ ၀၉-၄၉၂၀၇၂၄၅၊ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ဖုန်းနံပါတ်-၀၄၂၂၄၃၇၇ နဲ့ ရခိုင်ပြည်နယ်မှာဆိုရင် ၀၄၃၂၃၅၉၄ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ-ဂျပန်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော်　မေ　၁၁**

ဂျပန်နိုင်ငံအနေဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် ကောလိပ်နှင့်အစိုးရနည်းပညာအထက်တန်းကျောင်းများအား ကူညီပံ့ပိုးနိုင်ရေးနှင့် ပညာသင်ဆုများ ပိုမိုထောက်ပံ့ပေးရေးကိစ္စများနှင့် နှစ်နိုင်ငံ သိပ္ပံနှင့် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် Japan Myanmar Association မှ အထွေထွေအတွင်းရေးမှူးများဖြစ်သော Mr. Akinori Seki နှင့် Mr. Yasuo Miyazawa တို့ဦးဆောင်သော အဖွဲ့တို့သည် မေ ၉ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၅၀၀ ဝတ်မှုန်ကူးပွဲတော်ကျင်းပ

**ဝမ်းတွင်း　မေ　၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရွှေတောင် သုတေသနနှင့် မျိုးပွားခြံ၌ ဧပြီလ နှောင်းပိုင်း ပုလဲသွယ်စပ် မျိုးစပါး မျိုးစေ့ထုတ် ဧက ၅၀၀ ဝတ်မှုန်ကူးပွဲတော် လက်တွေ့သရုပ်ပြပွဲကို ကျင်းပကြောင်း သိရသည်။**(အောက်ဝဲပုံ)**



ဝတ်မှုန်ကူးပွဲကျင်းပရခြင်းမှာ မျိုးစေ့ထုတ်စိုက်မျိုးစပါးကို စိုက်ပျိုးရာတွင် အဖိုလိုင်းနှင့် အမလိုင်းခြားနားစိုက်ပျိုးထားသည့် စပါးပင်များတွင် မျိုးမအောင်သည့် စပါးပင်များကို မျိုးအောင်ရန် ဝတ်မှုန်ကူးပေးခြင်းဖြစ်ကြောင်း၊ ဝတ်မှုန်ကူးပေးနိုင်ရန်အတွက် ပန်းပွင့်ချိန်တူညီအောင် ပြုလုပ်ဆောင်ရွက်ပေးရကြောင်း၊ ပန်းပွင့်ချိန်စောနေသည့် စပါးပင်များကို ယူရီးယားဓာတ်မြေဩဇာ ကျွေးပေးခြင်း၊ ပန်းပွင့်ချိန်နောက်ကျနေသည့် စပါးပင်များကို ပိုတက် ဓာတ်မြေဩဇာ ကျွေးပေးခြင်း စသည့် နည်းလမ်းများဖြင့် ပန်းပွင့်ချိန်တူညီအောင် ပြုလုပ်ပေးနိုင်ကြောင်းနှင့် အထူးဂရုပြုရမည့် နည်းပညာများကို ဝတ်မှုန်ကူးပွဲတော်သို့ တက်ရောက်လေ့လာသည့် စိုက်ပျိုးရေးဝန်ထမ်း သင်တန်းသား သင်တန်းသူများအား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ကြည်ဝင်းက လက်တွေ့ပြသရှင်းလင်းပြောကြားသည်။

ရွှေတောင်သုတေသနနှင့် မျိုးပွားခြံတွင် ဖွင့်လှစ်လျက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းသင်တန်းတွင် စာတွေ့လက်တွေ့နှင့် ကိုယ်တိုင် စိုက်ပျိုးလေ့လာခြင်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀၀ တို့ တက်ရောက်သင်ယူလေ့လာဆည်းပူးလျက်ရှိသည်။

အဆိုပါခြံတွင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ဧက ၅၀၀ ကို စိုက်ပျိုးမျိုးစေ့ထုတ်လုပ်လျက်ရှိပြီး မျိုးစေ့ထုတ်တစ်ဧကမှ ရရှိသည့် F1 မျိုးစေ့အား ဧက ၁၂၀ အထိ ပြန်လည်စိုက်ပျိုးနိုင်ပြီး ဧက ၅၀၀ မှ ထွက်ရှိသည့် F1 မျိုးစေ့များကို ဧက ၆၀၀၀၀ ကျော်အထိ ပြန်လည်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ F1 မျိုးစေ့များအား သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးပါက တစ်ဧက တင်း ၁၅၀ မှ တင်း ၂၀၀ အထိ ထွက်ရှိနိုင်မည်ဖြစ်သောကြောင့် စိုက်ပျိုးလိုသော တောင်သူများအား သက်သာသည့် ဈေးနှုန်းဖြင့် မျိုးစေ့များ ပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၇၉)



# ကလေးသူငယ် မသန်စွမ်းသူအရေအတွက် ၁၆ ရာခိုင်နှုန်းထိမြင့်တက်လာ

**မာမာစိုး**

ကလေးများ မသန်စွမ်းမှုအရေအတွက်မှာလွန်ခဲ့သည့် ဆယ်စုခန့်ကနှင့် နှိုင်းယှဉ်ပါက ယခုအချိန်တွင် ပိုမိုများပြားလာကြောင်းနှင့် အဆိုပါရောဂါသည် ဝင်ငွေမြင့်မားသည့် မိသားစုများအတွင်း ဖြစ်ပွားမှုပိုမိုများလာကြောင်းကို ပေ့ဘာ့စ်ဆေးတက္ကသိုလ်မှ Dr. Amy J. Houtrow ဦးစီးသည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ လေ့လာချက်အရ အာရုံကြောဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများကြောင့် ဖြစ်ပွားသည့် မသန်စွမ်းမှုများ ပိုမိုတိုးပွားလာနေချိန်တွင် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေများနှင့် ဆက်စပ်သည့် မသန်စွမ်းမှုများကျဆင်းလျက်ရှိကြောင်းကိုလည်း တွေ့ရှိခဲ့ကြသည်။

၂၀၀၉-၂၀၁၀ ခုနှစ်တွင် မသန်စွမ်းသောကလေး ခြောက်သန်းနီးပါးရှိခဲ့သည်။ ယင်းအရေအတွက်မှာ ၂၀၀၁-၂၀၀၂ ခုနှစ်ကထက် တစ်သန်းနီးပါး ပိုများခဲ့ကြောင်း သိရသည်။

သုတေသနပညာရှင်များက ကျန်းမာရေးအခြေအနေများ အမျိုးအစားလိုက်၍ ရုပ်ပိုင်းဆိုင်ရာ၊ အာရုံကြောဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် အခြားသောအချက်များဟူ၍ အုပ်စုသုံးစုခွဲလေ့လာခဲ့ကြရာ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ မသန်စွမ်းသူဦးရေမှာ ၁၆ ဒသမ ၃ ရာခိုင်နှုန်းထိ ဖြစ်ပွားမှုပိုမိုများပြားလာသည်ကို တွေ့ရှိခဲ့ကြသည်။ **(ဒေးလီးမေးလ်)**




## MNL ဒု-ကျော့ပွဲစဉ် အသင်းအားလုံး၏ သဘောတူညီချက်အရ ရှုံး/ထွက်ပြိုင်ပွဲ ကျင်းပမည်မဟုတ်

ရန်ကုန် မေ ၁၁

မေ ၉ ရက် မွန်းလွဲပိုင်းတွင် MFF အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် League Committee အစည်းအဝေးအပြီးတွင် MNL 2013 Second Round Fixtures အား အတည်ပြုထုတ်ပြန်ခဲ့ပြီး SEA Games ပြိုင်ပွဲဝင် မြန်မာ ယူ-၂၃ လက်ရွေးစင်အသင်းလေ့ကျင့်ချိန် ပိုမိုရရှိရန်နှင့် ကစားသမားများ ဒဏ်ရာအနာတရကင်းရှင်းစေရန်အတွက် နှစ်စဉ်ကျင်းပနေကျ ရှုံး/ထွက် ဖလားပွဲကို ယခုနှစ်ဘောလုံးရာသီတွင် မကျင်းပရန် ကလပ်အသင်းအားလုံး၏ သဘောတူညီချက်အရဆုံးဖြတ်ခဲ့သည်။

ယင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် League Committee အဖွဲ့ဝင် MNL ကလပ်အသင်းများ၏ ပိုင်ရှင်/ ဥက္ကဋ္ဌများနှင့် CEO/GM များက ယခုနှစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် SEA Games ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးမှာ မြန်မာ့ဘောလုံးလောကတစ်ခုလုံး၏ တာဝန်ဖြစ်သလို မြန်မာတစ်မျိုးသားလုံး၏ အကြီးမားဆုံး မျှော်လင့်ချက်လည်း ဖြစ်နေသည့်အပြင် မြန်မာနေရှင်နယ်လိဂ်၏ မူလရည်ရွယ်ချက်မှာလည်း For the League,For the Nation ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံ့လက်ရွေးစင်အသင်း အောင်မြင်မှုရရှိရေးကို အဓိကဦးစားပေး ပံ့ပိုးရန်ဖြစ်သည့်အတွက် အသင်းအားလုံးက မြန်မာ့ဘောလုံးအောင်မြင်ရေးအတွက် ယခုနှစ်လိဂ်ပြိုင်ပွဲအားဆောလျင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် MFF Cup ရှုံး/ထွက်ပြိုင်ပွဲအားထည့်သွင်းကျင်းပခြင်းမပြုရန် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် SEA Games ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်းနှင့် ဖူဆယ်အသင်း စုစုပေါင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ရန် Preperation Plan များ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် SEA Games ဘောလုံးအောင်နိုင်ရေးကော်မတီကိုလည်း MNL ကလပ်အသင်း ပိုင်ရှင်/ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားပြီး SEA Games အောင်နိုင်ရေး ကော်မတီတွင် ပါဝင်သည့် ကလပ်အသင်း ပိုင်ရှင်/ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကလည်း မြန်မာအသင်းများ အောင်မြင်မှုရရှိရေးအတွက် လိုအပ်သလို ပူးပေါင်းပါဝင်ကြိုးကြပ်ပံ့ပိုးဆောင်ရွက်သွားရန် သဘာတူဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် SEA Games ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အမျိုးသားလက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီပြင်ဆင်ချိန် ပိုမိုရရှိလာမည်ဖြစ်ကာ မြန်မာလူမျိုးအားလုံး၏ မျှော်လင့်ချက်ဖြစ်သည့် SEA Games ရွှေတံဆိပ်ဆုအတွက် ပြင်ဆင်မှုများ ပိုမိုပြုလုပ်နိုင်မည်ဖြစ်သည်။ **(ဇော်မင်းအောင်)**

## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအဆောက်အအုံများ ပြိုကျပျက်စီး



ပဲခူး မေ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် မေ ၈ ရက် နံနက် ၃ နာရီမှ ၄ နာရီအထိ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် ဥဿာမြို့သစ် ရပ်ကွက်ကြီး (၈) မြေတိုင်း (၂၄) ရှိ တောင်ထန်းမိုးထရံကာ တဲ ၁၂ လုံး ပြိုလဲကျကာ သွပ်မိုးပျဉ်ကာ နေအိမ်တစ်လုံး၊ တောင်ထန်းမိုးထရံကာ နေအိမ်နှစ်လုံး၊ သွပ်မိုးထရံကာ နေအိမ်နှစ်လုံးတို့တွင် အမိုးလန်၍ ထရံကွာကျခဲ့ပြီး ဥဿာမြို့သစ် ရပ်ကွက်ကြီး (၉) လာဂမို့ကျေးရွာရှိ တောင်ထန်းမိုးထရံကာ နေအိမ်သုံးလုံး၊ မွန်စုကျေးရွာရှိ သွပ်မိုးထရံကာ နေအိမ်လေးလုံးနှင့် ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိနေအိမ်များ အမိုးများလန်ပြီး ထရံများကွာကျခဲ့သည်။**(အပေါ်ယာပုံ)**

အလားတူပင် ကဝမြို့နယ်အတွင်း မေ ၈ ရက်နေ့ ညနေ ၃ နာရီခွဲမှ ၄ နာရီခွဲအထိ လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် ရွှေပေါက်ပင်ကျေးရွာတွင် လူနေအိမ် ၂၈ လုံး ပြိုလဲကျ၊ ၆၁ လုံး အမိုးလန်၊ ပေါက်ကံကျေးရွာတွင် လူနေအိမ် ၁၆ လုံးပြိုလဲကျ၊ ၆၄ လုံး အမိုးလန်၊ သရက်ကုန်းကျေးရွာတွင် လူနေအိမ် ၆၉ လုံး ပြိုလဲကျ၊ ကျေးရွာအထက်တန်းကျောင်း စာသင်ဆောင်တစ်ဆောင်နှင့် နေအိမ် ၂၄၄ လုံး အမိုးလန် ပျက်စီးခဲ့ကြောင်းနှင့် နေအိမ် ပြိုလဲပျက်စီးမှုများကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**(၅၇၈)**

## ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသား လူကုန်ကူးခံရသူ နှစ်ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူမည်

နေပြည်တော် မေ ၁၁

ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနလက်အောက်ရှိ လူကုန်ကူးခံရသူများ ထိန်းသိမ်းစောင့်ရှောက်ရာ Pathumthani ဂေဟာမှ အမျိုးသားတစ်ဦးနှင့် Kedtrakarn ဂေဟာမှ အမျိုးသမီးတစ်ဦးတို့အား မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CBTIP) မှပြန်လည်လက်ခံခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ပေးပို့သည့် Case Report များအရ အဆိုပါ လူကုန်ကူးခံရသူနှစ်ဦး၏ ကိုယ်ရေးအချက်အလက်များမှာ ပြည့်စုံသေချာမှုမရှိသေးသောကြောင့် ပြန်လည်စိစစ်နိုင်ရန် မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ သင့်လျော်သည့် သင်တန်းကျောင်းများတွင် လက်ခံစောင့်ရှောက်ပြီး မိသားစုနေရပ်လိပ်စာများ သေချာစွာ စုံစမ်းသိရှိပြီးမှ လူကုန်ကူးခံရသူများ၏ နေရပ်ဇာတိအရောက် ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အခုပြန်လည်လက်ခံမယ့် အမျိုးသမီးက လားဟူ (သို့)‘ဝ’ ဒေသကလို့ သိရပြီး အမျိုးသားကတော့ မွန်ပြည်နယ်ကလို့ အကြမ်းဖျင်းသိရပါတယ်။ သူတို့ဟာ ထိုင်းနိုင်ငံမှာ ငယ်စဉ်ကတည်းက ရောက်နေတဲ့အတွက် သူတို့ရဲ့ နေရပ်လိပ်စာတွေကို သေသေချာချာ မမှတ်မိသေးပါဘူး။ နိုင်ငံသားဟုတ် မဟုတ်ခိုင်လုံတဲ့ အထောက်ထားမတွေ့ရသေးပေမယ့် သေချာစွာ ပြန်လည်စိစစ်ပြီး မိဘဆွေမျိုးသားချင်းများနဲ့ ကျန်းမာချမ်းသာစွာ ပြန်လည် ပေါင်းစည်းနေထိုင်နိုင်ဖို့ သူတို့ရဲ့ မွေးရပ်ဇာတိမြေတွေကို ကျွန်တော်တို့က ပြန်လည်ပို့ဆောင်ပေးမှာပါ။ လူကုန်ကူးခံရသူတွေကို ပြန်လည်လက်ခံပေးပို့ညှိနှိုင်းလာတယ်ဆိုရင် နိုင်ငံသားဟုတ်/မဟုတ် သေချာစွာပြန်လည်စိစစ်ပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CBTIP) က ပြန်လည်လက်ခံကူညီစောင့်ရှောက်ပေးသွားမှာပါ”ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**(မင်းမင်းဇော်-ကလေး)**




# သတ္တမမြောက် Star Wars ရုပ်ရှင်ဇာတ်ကား ဗြိတိန်နိုင်ငံတွင် ရိုက်ကူးမည်




Star Wars ဇာတ်လမ်းတွဲ၏ ဆဋ္ဌမမြောက်ဇာတ်ကား။

လူကြိုက်များသည့် ဇာတ်ကားတစ်ကားဖြစ်သည့် Star Wars စိတ်ကူးယဉ် သိပ္ပံဇာတ်လမ်းတွဲများ၏ သတ္တမမြောက်ဇာတ်ကားသစ်ကို ယခင် ဇာတ်ကား ခြောက်ကား ရိုက်ကူးခဲ့သည့် ဗြိတိန်နိုင်ငံ၌ပင် ပြန်လည်ရိုက်ကူးမည်ဖြစ်ကြောင်း လူးကပ်စ်ရုပ်ရှင်ထုတ်လုပ်ရေးက မေ ၁၀ ရက်တွင် ကြေညာခဲ့သည်။

"ကျွန်တော်တို့ ဒီဇာတ်လမ်းတွဲအတွက် အရမ်းကိုအာရုံစိုက်ထားပါတယ်။ Star Wars ရဲ့ ထုံးစံတွေကို မသွေဖည်ဘဲနဲ့ ဒီဇာတ်လမ်းသစ်ကို အတွေးသစ်၊ စိတ်ကူးသစ်တွေနဲ့ ကွန့်မြူးထားပါတယ်။ ဒီဇာတ်ကားထုတ်လုပ်ဖို့အတွက် ကျွန်တော်တို့ ဗြိတိန်ကိုလာရတဲ့အတွက် ရင်တွေအရမ်းခုန်နေပါတယ်။ ဗြိတိန်ရဲ့ အံ့သြဖွယ်ရာ စွမ်းဆောင်ချက်တွေနဲ့ ဒီဇာတ်ကားကို အကောင်းဆုံးဖန်တီးသွားပါမယ်"ဟု လူးကပ်စ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဥက္ကဋ္ဌဖြစ်သူ Kathleen Kennedy က ပြောကြားခဲ့သည်။

သတ္တမမြောက် Star Wars ရုပ်ရှင်ဇာတ်ကားကို ဗြိတိန်နိုင်ငံတွင် ပြန်လည် လာရောက်ရိုက်ကူးသည့်အတွက် ကျေနပ်နှစ်သက်ပါကြောင်းနှင့် ယနေ့ ကြေညာ ခဲ့သည့် သတ္တမမြောက် Star Wars ဇာတ်ကားသစ်ကို ဗြိတိန်နိုင်ငံတွင် ရိုက်ကူးထုတ်လုပ်မည်ဆိုသည့်သတင်းသည် ဗြိတိန်ရုပ်ရှင်လောကနှင့် ရုပ်ရှင် ပရိသတ်များအတွက် သတင်းကောင်းပင်ဖြစ်ပါကြောင်း ဗြိတိန်ထိပ်တန်းအရာရှိ တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ သတ္တမမြောက် Star Wars ရုပ်ရှင်ဇာတ်ကား Star Wars: Episode VII ကို ၂၀၁၄ ခုနှစ်တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် အတွင်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**မြိုးစန္ဒာမြင့် စုစည်းရေးသားသည်**

# ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်မည့် ကျန်းကျိုရီ



နာမည်ကျော် တရုတ်မင်းသမီးချော ကျန်းကျိုရီသည် မေ ၁၅ ရက်မှ ၂၆ ရက်အထိကျင်းပမည့် ကိန်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်ခြင်းခံထားရသည်။

ကျန်းကျိုရီသည် ပြင်သစ်သရုပ်ဆောင် Ludivine Sagnier၊ စပိန် ရုပ်ရှင်ထုတ်လုပ်သူ Enrique Gonzalez Macho နှင့် အခြားသော နာမည်ကြီးဒါရိုက်တာများနှင့်အတူ အဆိုပါရုပ်ရှင်ပွဲတော်၌ ပါဝင်ပြသသည့် ဇာတ်ကား များ၏ Un Certain Regard section အတွက် အကဲဖြတ်အမှတ်ပေးရမည် ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်းတွင် အကဲဖြတ်ဒိုင်အဖွဲ့တာဝန်ရှိသူများသည် မတူညီသော ဇာတ်ကားများအား ရှုထောင့်အမျိုးမျိုး မှ သုံးသပ်ကာ ရမှတ်များကို တိတိကျကျ တရားမျှတမှုရှိစွာဆုံးဖြတ်ပေးကြမည် ဖြစ်ပြီး Un Certain Regard section မှ ရရှိမည့်ဆုသည်လည်း ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်၏ အမြင့်ဆုံးဆုတစ်ခုဖြစ် သည့် Palme d'Or ဆု နှင့်ထပ်တူညီမျှမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်က ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မက္ကဆီကိုမှ ဒါရိုက်တာ မိုက်ကယ်ဖရန်ကို၏ After Lucia အမည်ရှိ ဒရာမာဇာတ်ကားမှ Un Certain Regard section အတွက် အမြင့်ဆုံးဆုကို ရရှိဆွတ်ခူးသွားခဲ့သည်။

ထို့ပြင် ဟောင်ကောင်သရုပ်ဆောင် Carina Lau ပါဝင်သရုပ်ဆောင်ထားသည့် Bends အမည်ရှိ ဗြိတိန်ဒရာမာဇာတ်ကားသည်လည်း ယမန်နှစ်က ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်၏ Un Certain Regard section တွင် ပါဝင် ပြသရန်ရွေးချယ်ခြင်းခံခဲ့ရသည့် ဇာတ်ကားတစ်ကားဖြစ်သည်။



# ကနေဒါအလှမယ်ပြိုင်ပွဲ(၂၀၁၃) ကျင်းပပြီးစီး

Miss World Canada 2013 ပြိုင်ပွဲကို မေ ၉ ရက်က ကျင်းပခဲ့ရာ ဆုရရှိခဲ့သည့် ကနေဒါနိုင်ငံ Saskatchewan ပြည်နယ်မှ Camille Munro အား Miss World Canada 2012 ဆုရှင် Tara Teng က သရဖူလွှဲပြောင်းပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

Camille Munro သည် စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် မယ်ကမ္ဘာအလှပြိုင်ပွဲသို့ ကနေဒါနိုင်ငံ ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။











**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊
အမှတ်(၁၆၆)၊ ဦးပိုင်(၁၁၄)
ဖုန်း-၀၉၂၀၁၂၉၆၅၊ ၀၉၆၅၆၁၃၂၃





**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးအောင်ကိုဝင်း (ဘ)ဦးခင်မောင်ဝင်း [၁၂/အစန(နိုင်)၁၆၀၉၈၄]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-41918111**

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော် မောင်ဇော်မင်းဦး၏ လက်ဝယ်ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် အမှတ် A-319292 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဆက်သွယ်ရန်-**Ph:09-73032080**

# ဂါရတ်ဘေးလ်အား စာချုပ်သစ်ချုပ်ဆိုရန် ဗီလာဘိုအာ့စ်တောင်းဆို

တော့တင်ဟမ်ဟော့စပါးအသင်း၏ တောင်ပံကစားသမားတစ်ဦးဖြစ်သည့် ဂါရတ်ဘေးလ်အား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် နည်းပြဗီလာဘိုအာ့စ်က တောင်းဆိုခဲ့ကြောင်း သိရသည်။

အသက် (၂၃)နှစ်အရွယ် ဂါရတ်ဘေးလ်သည် စပါးအသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၁၆ ခုနှစ်အထိ ချုပ်ဆိုထားသော်လည်း စပါးအသင်းအနေဖြင့် ဂါရတ်ဘေးလ်အား ဝှိုက်ဟက်ဒ်လိန်းတွင် ဆက်ရှိနေစေရေးအတွက် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ယင်းမှာလည်း ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်၏ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ကျော်ကြားလာခဲ့ခြင်းကြောင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတို့၏ ခေါ်ယူရန်ချိတ်ဆက်မှုများရှိခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်းသိရသည်။

စပါးအသင်းအတွက် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်ပွဲပေါင်း ၂၅ ပွဲကစားပြီး သွင်းဂိုး ၂၀ နှင့်အတူ ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ချုပ်က ပေးအပ်သော တစ်နှစ်တာအကောင်းဆုံးဆုနှင့် လူငယ်အကောင်းဆုံးကစားသမားဆုတို့ကို ရရှိခဲ့သည့်အပြင် ဘောလုံးကလောင်ရှင်များအဖွဲ့ကပေးသော တစ်နှစ်တာအကောင်းဆုံးဆုတို့ ရရှိခဲ့ပြီးနောက် ဂါရတ်ဘေးလ်အား လက်လွှတ်လိုက်ရမည်ကို စိုးရိမ်သဖြင့် ဗီလာအိုအာ့စ်က စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



# ဆွမ်ဆီးနည်းပြ မိုက်ကယ်လောရပ် အသင်း၌ဆက်နေရန်သန္နိဋ္ဌာန်ချ

ဆွမ်ဆီးအသင်းနည်းပြ မိုက်ကယ်လောရပ်သည် ယခုနှစ်နွေရာသီကာလတွင် အဲဗာတန်နည်းပြအဖြစ် ပြောင်းလဲတာဝန်ယူမည်ဆိုသော သတင်းများထွက်ပေါ်နေသော်လည်း ၎င်းအနေဖြင့် ဆွမ်ဆီးအသင်းနည်းပြအဖြစ် ဆက်ရှိနေရန် သန္နိဋ္ဌာန်ချလိုက်ပြီဖြစ်သည်။

မိုက်ကယ်လောရပ်သည် အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်က မန်ယူဂုရုကြီးဖာဂူဆန်နေရာတွင် ဆက်ခံမည်ဟု ဆိုခဲ့ရာတွင် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့လိုသဖြင့် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့ကြောင်း မကြာမတင်အချိန်က သတင်းပြေးနေသူဖြစ်သည်။

သို့ရာတွင် မိုက်ကယ်လောရပ်က “ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ ဆွမ်ဆီးမှာပဲဆက်နေဖို့ ရည်ရွယ်ရင်းပါ။ အခြားကလပ်အသင်းတွေဆီကို ပြောင်းသွားဖို့ဆိုတာလည်း စိတ်ကူးမရှိခဲ့ပါဘူး။ ကျွန်တော်ဆွမ်ဆီးမှာပဲ ဆက်နေမှာပါ”ဟု ပြောကြားခဲ့သည်။

မိုက်ကယ်လောရပ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဆွမ်ဆီးအသင်းအတွက် ကက်ပီတယ်ဝမ်းဖလား ရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး မတ်လအတွင်းက သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ရာ ၂၀၁၅ ခုနှစ် ဇွန်လအထိ ဆွမ်ဆီး၌ ဆက်ရှိနေမည်ဖြစ်သည်။





# တောင်အာဖရိကခရစ်ကတ်နည်းပြဘဝကို ဂါရီကာစတန် စွန့်လွှတ်တော့မည်

တောင်အာဖရိက ခရစ်ကတ်နည်းပြ ဂါရီကာစတန်သည် မိသားစုကိစ္စရပ်များကြောင့် ၎င်း၏လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည့် ဩဂုတ်လတွင် နည်းပြဘဝကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်း သိရသည်။

ဂါရီကာစတန်သည် ၁၉၉၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တောင်အာဖရိက၏ ခရစ်ကတ်ကစားသမားအဖြစ် ၁၀၁ ပွဲကစားပေးခဲ့ပြီးနောက် အိန္ဒိယခရစ်ကတ်နည်းပြအဖြစ် သုံးနှစ်ကြာတာဝန်ယူ ကိုင်တွယ်ခဲ့သူဖြစ်သည်။

ဂါရီကာစတန်သည် ၂၀၁၁ ခုနှစ် ဇွန်လတွင် တောင်အာဖရိက ခရစ်ကတ်နည်းပြဖြစ်လာခဲ့ပြီး ပြီးခဲ့သည့်နှစ်က အင်္ဂလန်ကို အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော နည်းပြတစ်ဦးဖြစ်သည်။

ထို့အပြင် ၎င်းနည်းပြအဖြစ် တာဝန်ယူစဉ် ၁၉ ပွဲတွင် နှစ်ပွဲသာလျှင် ရှုံးပွဲရှိခဲ့သည်။ ထိုသို့ စွမ်းဆောင်နိုင်ခဲ့သော်လည်း လက်ရှိတွင် မိသားစုအရေးကိစ္စများကြောင့် နည်းပြဘဝမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ကာစတန်က ပြောကြားခဲ့သည်။

**နိုင်လင်းကြည်**

# ဆရီနာဝီလျံ မက်ဒရစ်အိုးပင်းဗိုလ်လုပွဲတက်ပြီ



ကမ္ဘာ့အဆင့်တစ်ရှိ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် မက်ဒရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းဆီမီးဖိုင်နယ်အဆင့်ပြိုင်ပွဲတွင် အီတလီတင်းနစ်မယ် ဆာရာအီရာနီအား အနိုင်ရရှိကာ မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

အီတလီတင်းနစ်မယ် ဆာရာအီရာနီသည် ယင်းပြိုင်ပွဲတွင် အခွင့်အရေးများစွာရရှိခဲ့သော်လည်း လက်ရှိမက်ဒရစ်အိုးပင်းချန်ပီယံ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ပြိုင်ဘက်အီရာနီအား ဆက်တိုက်ဆိုသလို ဖိအားပေးကာ အမှတ်များ ရယူနိုင်ခဲ့သည်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံနှင့် အီတလီတင်းနစ်မယ်အီရာနီတို့သည် ယင်းပြိုင်ပွဲတွင် တစ်နာရီခွဲကြာကစားခဲ့ကြပြီး ကမ္ဘာ့အဆင့်တစ် ဆရီနာဝီလျံက အီရာနီအား ၇-၅၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရုရှားတင်းနစ်မယ်ရှာရာပိုဗာနှင့် ဆားဘီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်တို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရှာရာပိုဗာက အိုင်ဗန်နိုဗစ်ကို ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

ထို့ကြောင့် မက်ဒရစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကမ္ဘာ့အဆင့်တစ်ဆရီနာဝီလျံနှင့် ကမ္ဘာ့အဆင့်နှစ် ရုရှားတင်းနစ်မယ် ရှာရာပိုဗာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါရုံးသုံးနှင့် လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Nikon Lens AF-SDX 18-200mm F 3.5,5.6 GED VR II Lens | 2 Nos |
| (၂) | Nikon Flash SB-700 Speed Light | 2 Nos |
| (၃) | Switch 24-ports | 2 Nos |
| (၄) | Switch 24-ports | 4 Nos |
| (၅) | Nikon Digital Camera D7000 Megapixels 16.2 (Only body) with SD memory card, UV filter +Supplied accessories, camera bag | 2 Nos |
| (၆) | Sony Digital Camera (16 Megapixels) with SD memory card, UV filter+Supplied accessories, camera bag | 60 Nos |
| (၇) | Sony & 65 Camera Sony Lens 16-105mm Memory Card 4GB Speed 30 MB | 30 Nos |
| (၈) | Sanyo Air Conditioner 2 HP (Split Type) | 3 Nos |
| (၉) | Sanyo Air Conditioner 2 HP (Split Type) | 4 Nos |
| (၁၀) | Personal Computer Processor Core i7 2nd, Motherboard- ASUS, Memory 4GB, Hard disk-1 TB, Graphic card 4 G, Casing G Viewh, Power supply 650Watts, Monitor-19 LCD, DVD writer (Liton), Speaker A4 Tech, Keyboard-A4 Tech(USB), Mouse-A4 Tech(Optical USB), UPS-Power Tree 650VA | 54 Nos |
| (၁၁) | Laser Printer (A4) | 29 Nos |
| (၁၂) | Digital Multifunction copier(A3)(Size) Konica Bizhub-211 | 6 Nos |
| (၁၃) | Laser Color Printer(A4) | 4 Nos |
| (၁၄) | Fax Machine | 27 Nos |
| (၁၅) | UPS (650VA) | 9 Nos |
| (၁၆) | Laptop, Dell Inspiron 542014r7, Hard disk 1 TB, Memory 6GB, Graphic 2GB | 12 Nos |
| (၁၇) | Document Scanner DT-3010C(Autolated Feeder) 600 dpi, Duplex 30ppm, 50 Sheets | 2 Nos |
| (၁၈) | Personal Computer Processor Core i7 2nd,Motherboard- ASUS,Memory 4GB,Hard disk-1TB,Graphic card 4 G,Casing G Viewh, Power supply 650watts,Monitor-19 LCD, DVD writer (Liton),Speaker A4 Tech,Keyboard-A4 Tech (USB), Mouse-A4 Tech(Optical USB),UPS-Power Tree 650VA | 20 Nos |
| (၁၉) | Digital Multifunction copier(A3) (Size) Konica Bizhub-211 | 4 Nos |
| (၂၀) | Document Scanner DT-3010C(Autolated Feeder) 600dpi, Duplex 30ppm,50 sheets | 5 Nos |
| (၂၁) | Laser Color Printer (A4) | 5 Nos |
| (၂၂) | Dell Web Server Dell Power Edge R.620 Rack Chassis for 8 HDDS Intel Xenun Processor 2.0 GHz 15 MB Cache,8 GB RAM X 2.3 X 1TB,DVD R/W | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၅-၂၀၁၃ရက်မှ ၉-၆-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၆-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊၀၆၇-၄၁၂၃၆၆

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၂၃၂၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## သတင်းကြေညာချက်

နေပြည်တော် (၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ရက်)
၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ၂၇ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းတွဲများ လျှောက်လွှာလက်ခံခြင်းကို ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ ကျောက်စိမ်းတွဲများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများကို ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်ထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊မန္တလေး(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**





## လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် တပ်ကုန်း၌ထုတ်ပေး

**တပ်ကုန်း မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် မေ ၉ ရက် နံနက် ၁၀ နာရီက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးချောင်းကျေးရွာအုပ်စုမှ တောင်သူများတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလူက အမှာစကားပြောကြားပြီး အတွင်းရေးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြား၍ တောင်သူတစ်ဦးချင်းထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

တပ်ကုန်းမြို့နယ်တွင် ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၉၂)**

## မင်းကွန်းအနုပညာထုတ်ကုန် ပန်းချီဆေးရေးပေတံ ဝယ်ယူသူများပြား

**စစ်ကိုင်း မေ ၁၁**

ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိနေသည့် စစ်ကိုင်းမြို့နယ် မင်းကွန်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ အမှတ်တရအနုပညာပစ္စည်း ရောင်းချသည့်အရောင်းဆိုင်များတွင် အနုပညာထုတ်ကုန်မင်းကွန်းအမှတ်တရပစ္စည်းများအဖြစ် ပန်းချီရေးဝါးပေတံလေးများကို ထုတ်လုပ်ရောင်းချလျက်ရှိရာ နှစ်ခြိုက်စွာဝယ်ယူကြကြောင်း သိရသည်။

ပန်းချီရေးဝါးပေတံလေးများမှာ တင်းဝါးကိုအသုံးပြု၍ ပြုလုပ်ထားခြင်းဖြစ်သည်။ ပေတံမျက်နှာပြင်ပေါ်တွင် ပန်းချီပညာဖြင့် ဆေးရောင်စုံခြယ်ထားသည့်လှပသောပန်းနွယ်ပန်းခက်လေးများကို ဒီဇိုင်းဖော်ရေးဆွဲထားသည်။

ဝါးပေတံလေးများကို ပန်းချီပညာသင်ကြားလျက်ရှိနေကြသည့်အမျိုးသမီးငယ်လေးများက အိမ်တွင်းလက်မှုအနုပညာထုတ်ကုန်ပစ္စည်းလေးများအဖြစ် ရေးဆွဲထုတ်လုပ်ထားကြခြင်းဖြစ်ကြောင်း သိရသည်။ မင်းကွန်းအမှတ်တရအနုပညာထုတ်ကုန် ပန်းချီရေးဝါးပေတံလေးများကို ပြည်တွင်းဘုရားဖူး ဧည့်သည်များအား တစ်ချောင်းလျှင် ကျပ် ၃၀၀ နှုန်း၊ ၁၀ ချောင်းလျှင် ကျပ် ၂၅၀၀ နှုန်းဖြင့်ရောင်းချပေးပြီး နိုင်ငံခြားခရီးသွားဧည့်သည်များကိုမူ ပေတံတစ်ချောင်းလျှင် အမေရိကန်ဒေါ်လာ သို့မဟုတ် ရူပီးငွေ သုံးကျပ်ဖြင့် ရောင်းချပေးကြောင်း သိရသည်။

"အဓိကကတော့ ပန်းချီသင်ကြားနေတဲ့ကလေးတွေ ပန်းချီရေးဆွဲမှု လေ့ကျင့်ရင်းနဲ့ တစ်ဖက်တစ်လမ်းက ထိုက်သင့်တဲ့ ဝင်ငွေလေးရရှိအောင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးထားတာပါ၊ နောက်ပြီး မင်းကွန်းကို လာလည်ကြသူတွေအတွက် မင်းကွန်းအမှတ်တရ လက်ဆောင်အဖြစ် အနုပညာထုတ်ကုန် ပစ္စည်းလေးတွေ အနေနဲ့ထုတ်လုပ်ပေးတာပါ၊ ပေတံလုပ်တဲ့ဝါးဆိုရင် ဝါးကြောဖြောင့်၊ ဝါးသားထူတဲ့ တင်းဝါးကောင်းကောင်းတွေကို ရွေးချယ်၊ ဝယ်ယူလုပ်ကိုင်ရတဲ့



အတွက် ကုန်ကြမ်းကရှားပါတယ်၊ ရောင်စုံဆေးရေး ဝါးပေတံတွေက ချစ်စရာကောင်းတာရယ်၊ အနုပညာထုတ်ကုန်ပစ္စည်းလေးတွေဖြစ်ပြီး ဈေးနှုန်းသင့်တင့်ချိုသာတာရယ်ကြောင့် အမှတ်တရဝယ်ယူသွားသူတွေများပါတယ်၊ တချို့က တစ်ဆင့်ပြန်ရောင်းဖို့ ဝယ်ကြတယ်" ဟု ရောင်စုံဆေးရေး ဝါးပေတံများ တီထွင်ထုတ်လုပ်သူ မင်းကွန်းလက်မှုအနုပညာပစ္စည်း ထုတ်လုပ်ရေးမှ ပန်းချီဆရာ ကိုစုက ပြောပြသည်။ **(နန္ဒာမင်းလွင်)**

## မုံရွာမြို့နယ် မုံရွေး-ကြေးမုံရွာသို့ ဟောင်ကောင်မင်းသမီးမေရီယန်းနှင့်အဖွဲ့ ကျန်းမာရေးပညာပေးဇာတ်လမ်းတို လာရောက်ရိုက်ကူးမည်

**မုံရွာ မေ ၁၁**

ကျေးလက်ကျန်းမာရေးဌာန P.M. C.T စီမံချက်ဖြင့် ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှု၊ ကျေးလက်ကျန်းမာရေးဌာန၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကျန်းမာရေးပညာပေးဇာတ်လမ်းတိုအဖြစ် ဟောင်ကောင်မှ သရုပ်ဆောင်မင်းသမီး မေရီယန်း ပါဝင်သောအဖွဲ့သည် မုံရွာမြို့နယ် ကြေးမုံရွာသို့ ဇူလိုင် ၃ ရက်တွင် လာရောက်ရိုက်ကူးမည်ဖြစ်ကြောင်း ကျန်းမာရေးမှူး ဒေါ်အိမျိုးစံထံမှ သိရသည်။

HIV-AIDS ရောဂါကာကွယ်တားဆီးရေး ပညာပေးဇာတ်လမ်းကို ဟောင်ကောင်မင်းသမီးမေရီယန်းနှင့်အဖွဲ့သည် ဇွန်လနောက်ဆုံးပတ်တွင် ရိုက်ကူးရေးစတင်မည်ဖြစ်ပြီး မုံရွေး-ကြေးမုံကျေးရွာကျေးလက်ကျန်းမာရေးဌာနတွင် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ မေရီယန်းကိုယ်တိုင်ပါဝင်သော ရိုက်ကူးမှုအစီအစဉ်များကို ဇူလိုင် ၃ ရက်တွင် ရိုက်ကူးကြမည်ဖြစ်ပြီး လာရောက်ရိုက်ကူးကြမည့်အဖွဲ့တွင် မင်းသမီးမှစ၍ ဒါရိုက်တာ၊ ရိုက်ကူးရေးနှင့် စီမံချက်တာဝန်ရှိသူများအားလုံးသည် အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ P.M.C.T မိခင်မှသန္ဓေသားငယ်ကို HIV ရောဂါကူးစက်မှုကာကွယ်တားဆီးရေးစီမံချက်အတွက် ရိုက်ကူးရေးအစီအစဉ်ဖြစ်ကြောင်း သိရသည်။ **(သံတိုင်ထွန်း)**


### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်

**ဒေါ်သန်းသန်းဆွေ**

(သဇင်နွယ်မိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)သည် ၃၀-၄-၂၀၁၃ရက်တွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတမှ ချီးမြှင့်အပ်သော "ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အသေးစားစီးပွားရေး လုပ်ငန်းရှင်ဆု"ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် "သဇင်နွယ်မိသားစုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်" တိုးတက်အောင်မြင်ပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါသည်။

**သူငယ်ချင်းများ**
**၁၉၇၂/၁၉၇၆- ဓာတုဗေဒဘာသာရပ်**
**မန္တလေး ဝိဇ္ဇာ-သိပ္ပံ တက္ကသိုလ်**



### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်

**ဒေါ်သန်းသန်းဆွေ**

(သဇင်နွယ်မိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)သည် ၃၀-၄-၂၀၁၃ ရက်တွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတမှ ချီးမြှင့်အပ်သော "ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အသေးစား စီးပွားရေး လုပ်ငန်းရှင်ဆု"ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် "သဇင်နွယ်မိသားစုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်" တိုးတက်အောင်မြင်ပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်ကော်မတီဝင်များနှင့်**
**အသင်းသူ၊ အသင်းသားများ**
**မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**


## ကျောက်မဲ၌ သွပ်များလှူဒါန်း

**ကျောက်မဲ မေ ၁၁**

မေ ၂ ရက်က မိုးသက်လေပြင်းဒဏ်ကြောင့် ရွာလုံးကျွတ်နီးပါး နေအိမ်များပျက်စီးခဲ့သော ကျောက်မဲမြို့နယ် မော်မာကျေးရွာ၊ ထန်းတစ်ပင်ကျေးရွာ၊ ပါခါးကျေးရွာ၊ ခဲတုံကျိုင်းရွာများသို့ ကျောက်မဲမြို့ (one added) အကျိုးဆောင်လူငယ်အဖွဲ့က မေ ၇ ရက်တွင် အဆိုပါရွာများသို့ သွားရောက်ကြပြီး တန်ဖိုးငွေကျပ် ၁၂ သိန်းဖိုးရှိ သွပ် ၆၇၂ ချပ်ကို လှူဒါန်းပေးအပ်ခဲ့ကြသည်။

**မောင်မောင် (ကျောက်မဲ)**


### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ လုံးတော် အလက(ခွဲ)ပဉ္စမတန်းမှ မယမင်းရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်လတ်[၅/ရဘန(နိုင်)၁၃၇၆၇၆] ဖြစ်ပါကြောင်း။ **ဦးမြင့်ဇော်လတ်**



### ရောင်စဉ်ဖြာ

**ပညာဥဒပါဒိမဂ္ဂဇင်း**

- ရှေးခေတ်၊ ယခုခေတ်၊ နောင်လာမည့်ခေတ်များအတွက်
- သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ဆရာတော်ကြီးများ
- ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ၏ အဆုံးအမဩဝါဒများနှင့် ဗုဒ္ဓစာပေ စာရေးဆရာကြီးများ၏ သုတစုံ၊ ရသစုံဆောင်းပါး ဓမ္မစာပေများ
- ဗုဒ္ဓတရားတော်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားချက်များ စုံစုံလင်လင်ဖြင့် အမှတ်(၅)ထွက်ရှိလာပါပြီ. . . .

**အမှတ်(၁) မှ (၅)အထိ ဝယ်ယူသူများအတွက်** **အထူးနှုန်း**
**မိခင် ရောဝတီစာအုပ်တိုက်၊ ဖုန်း-၀၁-၇၀၁၄၃၁၊ ၀၉-၅၀၁၅၆၁၃ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။**



### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၆၈၉၆ အမျိုးအမည် Reebo 125 အမျိုးအစား ဆိုင်ကယ် ယာဉ်လက်ဝယ် ရှိသူအမည် ဦးစိန်ဝင်း မှတ်ပုံတင်အမှတ်[၉/ပသက(နိုင်)၀၉၃၃၈၀]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

# လက်ပံလည်းဖူး ခွေးလည်းရူး

**ဒေါက်တာပေသီး (ဆေး-မန်း)**

ဆောင်းအကုန် နွေအကူး လက်ပံတွေဖူး၍ ဆက်ရက်တွေမြူးကြပြီဆိုရင် ကျေးလက်နေသက်ကြီးရွယ်အိုတို့က "လက်ပံလည်းဖူး ခွေးလည်းရူး၊ လက်ပံလည်းပွင့် ခွေးလည်းလွင့်"ဟု ပြောစမှတ်ပြုကြသည်။ ခွေးများ ရူးတတ်သောအချိန်အခါကို ဆိုလိုတာပါ။

ပဲခူးမြို့ ပဇင်းရပ်မှ ဒေါ်အုံးရှင်တစ်ယောက် ဈေးရောင်းအပြန် အိမ်သို့ရောက်လာပါသည်။ "ကျွန်မ အန်ချင် ပျို့ချင်လွန်းလို့ ဆေးလေးတစ်ခွက်တိုက်ပါ"ဟု ဆိုပါသည်။ (STEMETIL) ဆေးတစ်လုံး B6 နှစ်လုံး ပေးလိုက်ပါသည်။ ဆေးခန်းဖွင့်ချိန် ညနေခင်းကြတော့ သူ့သမီးနှင့်အတူ ရောက်လာပါသည်။

"ဆရာ အမေက ပိုဆိုးလာတယ်"ဟုဆိုသဖြင့် စစ်ဆေးစမ်းသပ်ကြည့်တော့ သွေးပေါင်ချိန်က ပုံမှန်ပဲ။ ဒါပေမယ့် နှလုံးခုန်နှုန်းက ၁၁၀ ထိမြန်နေပြီး ချွေးစီးတွေထွက်နေပါတယ်။ ဒေါ်အုံးရှင်ကိုကြည့်ရတာ ကြောက်လန့်နေပါတယ်။ လောလောဆယ် အချိုဓာတ်နည်းသည့် (ဟိုက်ပိုဂလိုက်ဆီးမီးယား)Hypoglycaemia ထင်၍ Glucose နှင့် ရေတစ်ဖန်ခွက်ဖျော်၍ ဒေါ်အုံးရှင်လက်သို့ကမ်းလိုက်ပါတယ်။ ရေဖန်ခွက်ကိုမြင်ရုံဖြင့် ဒေါ်အုံးရှင် နတ်ပူးသလို တုန်တုန်ရီရီဖြင့် ထိတ်လန့်နေပါတယ်။ ခွေးရူးပြန်နေပြီဆိုတာ အသေအချာသိလိုက်ပါပြီ။ "ခွေးကိုက်ခံရဖူးပါသလား"ဟု မေးလိုက်တော့ "လွန်ခဲ့သောနှစ်က ဈေးရောင်းသွားရင်း ခွေးကိုက်ခံရဖူးပါတယ်"ဟု ပြောပါတယ်။

နောက်လူနာတစ်ဦးကတော့ ဝက်သားတုတ်ထိုးရောင်းတဲ့ အသက် (၃၀) ခန့် ကိုဝင်းချိုဖြစ်ပါတယ်။ တစ်ညနေမှာ ဆေးခန်းလာပါတယ်။ "ဆရာ ကျွန်တော့်ခြေသလုံးကို ဆိုင်ရှေ့လာနေကျခွေးက ကိုက်လိုက်လို့ပါ"တဲ့။ ခြေသလုံးကို ကြည့်လိုက်တော့ ခွေးက ပုဆိုးစကိုဖောက်ကိုက်၍ အစင်းရာကလေးပဲ တွေ့ရပါတယ်။ ခွေးက ပိုင်ရှင်ရှိသလားမေးတော့ "ပိုင်ရှင်မရှိပါ၊ ခွေးလေခွေးလွင့်တွေပါ"တဲ့။ ဒါဆိုခွေးရူးကာကွယ်ဆေး ထိုးကို ထိုးရတော့မယ်။ အသက်အန္တရာယ်ရှိတယ်။ သွားဖြစ်အောင်သွား၍ ထိုးဖြစ်အောင်ထိုးရန် ကျွန်တော်လွှဲစာရေးပေးပါတယ်။ ရောဂါကို ကာကွယ်၍ရတယ်။ ဖြစ်လာရင်ကုသ၍မရပါ။

တစ်လခန့်အကြာ ကိုဝင်းချို စောစောကြီးအိမ်ရောက်လာပါတယ်။ သူ့ကြည့်ရတာ လုံးဝငြိမ်ငြိမ်မနေနိုင်ဘဲ တစ်ကိုယ်လုံးယား၍ ကုတ်နေရပါတယ်။

မေးကြည့်ရာ "ခွေးရူးပြန်ဆေးတိုက်ပြီး ခွေးရူးကုတဲ့ တွံတေးက ဆရာတစ်ဦးထံ သွားကုပါသတဲ့။ ထိုဆရာ၏ဆေးသောက်တော့ ခွေးရူးပြန်သလို တစ်ရက်လောက်ဖြစ်ပြီး နောက်တစ်နေ့ကျ လူကောင်းဖြစ်သွားပါတယ်တဲ့။ ကြိုတင်ခွေးရူးပြန်ခိုင်းလိုက်တော့ နောက်ထပ်ခွေးရူးပြန်ရောဂါမဖြစ်တော့ဘူး" လို့ ထိုဆေးဆရာက ရှင်းပြပါသတဲ့။

ဒီလိုကိစ္စမျိုးတွေ စာရေးသူ ဆရာဝန်မဖြစ်ခင်ကတည်းက မြင်ဖူးပါတယ်။ ပဒိုင်းသီးဟာ "ဆုပ်ရင်စူး စားရင်ရူး "လို့ ဆိုရိုးရှိပါတယ်။ ပဒိုင်းသီးအခြောက်လှန်း၍ အမှုန့်ပြုလုပ်ပြီး လူနာကို တစ်ဝကြီး သောက်ခိုင်းတာပါ။ ပဒိုင်းသီးတွင် atropime ကဲ့သို့ ဓာတုပစ္စည်းတစ်မျိုးပါဝင်ပြီး မျက်စိသူငယ်အိမ်တွေကျယ်ပြီး လူတစ်ကိုယ်လုံး အာတွေခြောက်၊ နားတွေ မကြားရသလိုဖြစ်သွားပါတယ်။ ကြောက်သလိုလို လန့်သလိုလို ခွေးရူးပြန်သကဲ့သို့ ဖြစ်သွားပါတယ်။

ဒေါ်အုံးရှင်ရော၊ ကိုဝင်းချိုရော ခွေးရူးပြန်ရောဂါဖြင့် အသက်ဆုံးရှုံးခဲ့ရပါတယ်။

(Warm Blooded)သွေးနွေးသတ္တဝါတွေမှာ ခွေးရူးရောဂါဖြစ်ပါတယ်။ အိမ်မွေးကြောင်များ (Vampire Bat) သွေးစုပ်လင်းနို့တွေမှာလည်း ဖြစ်တတ်ပါတယ်။ ထူးထူးခြားခြားကတော့ ခွေးများတွင် အဖြစ်အများဆုံးပါ။ ခွေးမှတစ်ဆင့် လူကို ကူးစက်ခြင်းခံရပါတယ်။ လက်ပံဖူးတဲ့ တပို့တွဲ၊ တပေါင်းလများတွင် အဖြစ်များပါတယ်။ ဗိုင်းရပ်စ် (Virus)ရောဂါမျိုးစေ့တစ်မျိုးကြောင့်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိပါတယ်။ (၁၃)ရာစုကတည်းက ဥရောပတိုင်းပြည်များတွင် ရောဂါစတင်တွေ့ရှိခဲ့ပြီး ၁၅ ရာစုတွင် အမေရိကန်သိပ္ပံပညာရှင်များက ခွေးရူးရောဂါ (Virus)ဗိုင်းရပ်စ်ကို ဖော်ထုတ်ပြနိုင်ခဲ့ပါသည်။ ၎င်းဗိုင်းရပ်စ်သည် အလွန်သေးငယ်၍ သာမန် Microscope ဖြင့် မမြင်တွေ့နိုင်ပါ။

ဗိုင်းရပ်စ်ပိုး၏ ပြင်းထန်မှုအမျိုးအစားပေါ်တွင် မူတည်ပြီး ခွေးကိုက်ခံရပြီး ၁၀ ရက်မှ နှစ်နှစ်အတွင်း Rables ခွေးရူးပြန်ရောဂါ Hydrophobia ဖြစ်လာပါတယ်။ ကုသရန်ဆေးမရှိပါ။ ခွေးကိုက်ခံရပြီး တစ်ပတ်အတွင်း ကာကွယ်ဆေးထိုးထားသူအားလုံး တစ်ဦးတစ်ယောက်မျှ ခွေးရူးပြန်ရောဂါဖြစ်တာ လုံးဝမတွေ့ဖူးပါ။ ရှေးယခင်က သုံးသောဆေးများက ဝမ်းဗိုက်အရေပြားအောက် ၁၄ ရက်ထိုးရပါတယ်။ အစွမ်းထက်သောဆေးများ ပေါ်လာပါပြီ။ လက်မောင်းတွင် သုံးကြိမ်ထိုးရုံဖြင့် ကာကွယ်မှုအပြည့်ပေးနိုင်ပါတယ်။ အိမ်မွေးခွေးကလေးများကိုလည်း ကာကွယ်ဆေးထိုးထားမှ စိတ်ချရပါတယ်။

လွန်ခဲ့သော တစ်ပတ်က မြင်းမူမြို့ ဂရုရွာတွင် ခွေးရူးကိုက်ခံရ၍ အဘိုးအဘွားနှစ်ဦးနှင့် ၎င်းတို့မြေးကလေးပါ သုံးယောက်စလုံး အသက်ဆုံးရှုံးရတဲ့သတင်း ဖတ်လိုက်ရပါတယ်။ ခွေးကိုက်မခံရတာ အကောင်းဆုံး၊ ကံဆိုး၍ ခွေးကိုက်ခံရရင် နီးရာဆရာဝန်နှင့် တိုင်ပင်ပါဟု နိဂုံးစကား ပြောပြပါရစေ။ ။

## ဆောမြို့နယ်တွင် သောက်သုံးရေဖြန့်ဝေ

**ဂန့်ဂေါ မေ ၁၁**

နွေရာသီရေရှားပါးချိန်၌ သောက်သုံးရေရှားပါးသည့် ဆောမြို့နယ် အညာကတင်းကျေးရွာသို့ မေ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ရေဂါလန် ၁၈၀၀ ကို ကားဖြင့် ပို့ဆောင်ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ဖြန့်ဝေရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြခြင်းကြောင့် ရေရှားပါးချိန်တွင် ရေရသဖြင့် ကျေးရွာပြည်သူများ အထူးဝမ်းသာကြကြောင်း သိရသည်။ (၄၆၅)

## ပဲခူးမြို့၌ အိမ်ဆောက်ပစ္စည်းများ အရောင်းသွက်

**ပဲခူး မေ ၁၁**

"ပဲခူးမြို့နယ်အတွင်း မိုးရာသီရောက်ချိန်နီးလာ၍ လူနေအိမ်အဆောက်အအုံများ ပြုပြင်ဆောက်လုပ်မှုများလာကြ၍ အုတ်၊ သဲ၊ ကျောက်များ ရောင်းအားကောင်းလာပြီး အမိုးဖွင့် တုတ်တုတ်ခေါ် သုံးဘီးဆိုင်ကယ်များ၊ ကွန်ဒေါင်းထော်လာဂျီများလည်း ဝင်ငွေအလွန်ကောင်းတဲ့လဖြစ်ပါတယ်"ဟု ယာဉ်မောင်းတစ်ဦးကပြောသည်။ ပဲခူးမြို့၏ အုတ်၊ သဲ၊ ကျောက်ဈေးမှာ အုတ်တစ်လုံး ကျပ် ၇၀၊ သဲမည်းတစ်ကျင်းအရောက်ပို့ ကျပ် ၁၂၀၀၀၊ သဲဝါတစ်ကျင်း ကျပ် ၁၈၀၀၀၊ ဂဝံကျောက်တစ်ကျင်း ကျပ် ၄၅၀၀၀၊ မုတ္တမကျောက်တစ်ကျင်း ကျပ် ၈၈၀၀၀၊ ချပ်ပင်ကျောက်စရစ်တစ်ကျင်း ကျပ် ၇၀၀၀၀ ပေါက်ဈေးရှိနေကြောင်းသိရသည်။ ဈေးနှုန်းများမှာ ပုံသေမဟုတ်ဘဲ အတက်၊ အကျရှိနေကြောင်းကို အုတ်၊ သဲ၊ ကျောက်ကုန်သည်တစ်ဦးက ပြောပြသည်။ **မျိုးသိန်း(ပဲခူး)**

## ရေကြည်မြို့နယ်၌ လေပြင်းတိုက်ခတ်

**ရေကြည် မေ ၁၁**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့နယ်ခွဲ မြစ်ဆယ်ကျေးရွာအုပ်စု မြစ်ဆယ်ကျေးရွာ၌ မေ ၈ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ရှစ်လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ် ၁၃ လုံး အမိုးများလန်ပြီး တိုင်များ ယိုင်နဲ့သွားခဲ့သည်။ အဆိုပါကျေးရွာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ငသိုင်းချောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးတို့က လူမှုရေးအသင်းအဖွဲ့များနှင့်အတူ မေ ၉ ရက် နံနက် ၉ နာရီတွင် သွားရောက်ပြီး ဆန်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ယမ်ယမ်ခေါက်ဆွဲထုပ်များ၊ ခြင်ထောင်၊ စောင်၊ တာပေါ်လင်စများနှင့် ဝါးအလုံး ၅၀၀ တို့ကို သွားရောက်ထောက်ပံ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၆၉၇)




**အများပြည်သူသို့ အသိပေးကြေညာခြင်း**

**Myanmar Agribusiness Public Corporation(MAPCO)၏ အစုရှယ်ယာတန်ဖိုး ပြုပြင်ပြောင်းလဲရန်ရှိပါသဖြင့် အစုရှယ်ယာရောင်းချခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ Myanmar Agribusiness Public Corporation(MAPCO) အစုရှယ်ယာများ၏ တန်ဖိုးပြုပြင်ပြောင်းလဲရန်အတွက် (Share Valuation) အစုရှယ်ယာများရောင်းချခြင်းကို ၁၇-၅-၂၀၁၃ ရက်မှစ၍ ခေတ္တပိတ်ထားမည် ဖြစ်ပါသည်။

၂။ MAPCO အစုရှယ်ယာများ ပြန်လည်ဖွင့်လှစ်ရောင်းချမည့်ရက်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

၃။ MAPCO တွင် ထည့်ဝင်ရင်းနှီးမြှုပ်နှံထားခဲ့ကြသည့် အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာဝယ်ယူရင်းနှီးမြှုပ်နှံကြမည့် မိဘပြည်သူများသည် Nominal Value နှင့်ပတ်သက်၍သော်လည်းကောင်း၊ Share Valuation နှင့်ပတ်သက်၍သော်လည်းကောင်း၊ Share နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုသည်များကို MAPCO-Investor Relations Dept:(IRD)သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် IRD ဌာနကိုလည်း မူလရုံးချိန်များအတိုင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**MAPCO အခန်း(၀၁၀၅)၊ Sakura Tower အမှတ်(၃၃၉)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁-၂၅၅၀၈၅၊ ၂၅၅၀၈၇၊ ၀၉-၄၂၁၁၃၅၀၂၂**








**REAL !!!**

- SWISS နာရီဝါသနာရှင်များ
- နာရီကောင်းကောင်းသုံးစွဲချင်သူများ
- လက်ဆောင်ကောင်းကောင်းပေးချင်သူများအတွက် ရောင်းချပေးနေပါပြီ !!!

China Made များ လုံးဝမရောင်းပါ။

**Ph:09 43067407, 09 5031760**

# မြင်းမူမြို့ ရှင်ပင်ရွှေစောလူးစေတီတွင် မြန်မာမှု အနုလက်ရာမွန်များ တစုတစည်းတည်း လေ့လာနိုင်

**မြင်းမူ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် တည်ရှိနေသည့်သမိုင်းဝင်ရှင်ပင်ရွှေစောလူးစေတီတော်ကြီးသည် ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့ မြန်မာမှုအနုပညာယဉ်ကျေးမှုလက်ရာမွန်များစွာတို့ တည်ရှိထိန်းသိမ်းလျက်ရှိသည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သဖြင့် သွားရောက်ဖူးမြော် လေ့လာသင့်သည့်နေရာတစ်ခုဖြစ်သည်။ ရှင်ပင်ရွှေစောလူးဘုရားရင်ပြင်ပေါ်တွင် မြန်မာမှုလက်ရာမွန် သစ်သားတန်ဆောင်းကြီးသုံးဆောင်နှင့် စောင်းတန်းကြီးတို့ တည်ရှိသည်။ အရှေ့ဘက်စောင်းတန်းဦး အာရုံခံသစ်သားပြာသာဒ်တန်ဆောင်းကြီး၏ ပတ်လည် လက်ခံတိုင်များပေါ်တွင် ရွှေပန်းချီဆေးရေးများဖြင့် နိပါတ်တော်လာဇာတ်တော်များကို ရေးဆွဲတန်ဆာဆင်ထားသည်။ အာရုံခံတန်ဆောင်းကြီး၏ အပြင်ဘက်ပိုင်း၊ မြန်မာမှု ပန်းဆွဲပန်းခက်များ၏ အထက်တွင် အသက်ဝင်လှသည့် မဟာဗုဒ္ဓဝင် ဇာတ်တော်လာ ပန်းပုရုပ်လုံးရုပ်ကြွများ ထုလုပ်ထားရှိကာ ရှုချင့်စဖွယ် တန်ဆာဆင်ထားသည်။ ထိုတန်ဆောင်းကြီး၏ အရှေ့ဘက်မျက်နှာတွင် ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားတောထွက်တော်မူခန်း ပန်းပုရုပ်လုံးများမှာ အလွန်အသက်ဝင်လှသည်။ အလောင်းတော်မင်းသား ကြာခြည်မကာ ယသောဓရာဒေဝီ နှင့်သားတော်ရာဟုလာတို့ကို ကြည့်ရှုနေဟန်၊ မောင်စံက လက်အုပ်ချီကာ မြင်းတော်ကဏ္ဍကကို စောင့်ငဲ့ကြည့်ရှုနေဟန်၊ ကျန်တစ်ဖက်တွင် မာရ်နတ်မင်းက တောထွက်တော်မူမည့် အလောင်းတော်မင်းသားအား တားဆီးနေဟန်တို့မှာ သရုပ်ပီပြင်လှသည်။ မြောက်ဘက်မျက်နှာတွင် ဝေဿန္တရာဇာတ်တော်ကောက်နုတ်ချက်များဖြစ်သည့် မဒ္ဒီဒေဝီမိဖုရား သစ်သီးရှာထွက်နေဟန်၊ ဝေဿန္တရာမင်းက သားတော်၊သမီးတော်တို့ကို ဇူဇကာပုဏ္ဏားကို လှူဒါန်းနေစဉ်သစ်၊ ကျားတို့က လမ်းခရီးမှ တားဆီးနေဟန်တို့မှာ အသက်ဝင်လှသည်။ အနောက်ဘက်မျက်နှာတွင် စန္ဒကိန္နရီဇာတ်မှ မြားဆိပ်မွှန်နေခန်းနှင့် ထိလပ်၊ ပိုးဥဇာတ်ရုပ်လုံးရုပ်ကြွများကို သရုပ်ဖော်ထားသည်။ ပန်းပုရုပ်လုံးများမှာ လက်မ ၂၀ ခန့်ရှိပြီး ပန်းပုဗိသုကာပညာရှင်မှာ မန္တလေးဆရာခင်ဖြစ်သည်။ တန်ဆောင်းတော်ကြီးကုသိုလ်ရှင်မှာ မြင်းမူမြို့ ပွဲစားကြီး ဦးကြာပေါ်၊ ဇနီးဒေါ်ဖွားသန့်၊ သား မောင်အောင်မြင့်တို့ဖြစ်ပြီး ၁၂၇၉ ခုနှစ်၊ နတ်တော်လ (၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလ)ဟု ကမ္ပည်းထိုးထားသည်။

တောင်ဘက် မြန်မာမှုလက်ရာ သစ်သားအာရုံခံတန်ဆောင်းပြာသာဒ်တော်ကြီးတွင်လည်း သစ်သားပန်းပုလက်ရာ အမွမ်းအပြောက်၊ ကနုတ်ပန်းကြိုးများ၊ စိန်တောင်များ၊ ပန်းပုရုပ်လုံးများနှင့် ဗိသုကာပညာကို ပေါင်းစပ်ကာ လှပတင့်တယ်ခမ်းနားစွာ တည်ဆောက်ထားသည်။ ပြာသာဒ်အတွင်းဘက်တိုင်လုံးကြီးများတွင် သရိုးကိုင်ရွှေဇဝါ ပန်းချီပန်းကြွရုပ်လုံးများဖြင့် ဝိဒူရဇာတ်တော်ခန်းများကို သရုပ်ဖော်မွမ်းမံခြယ်မှုန်းထားသည်။ ပန်းယွန်းပညာရှင်မှာ ဝမ်းပြည့်ရွာမှ ရွှေပန်းချီဆရာ မောင်ဆွယ်၊ မောင်ဘတို့ဖြစ်သည်။ အတွင်းဘက်တွင် ရေးဆွဲချိတ်ဆွဲထားသည့် နိပါတ်တော်ပန်းချီများမှာလည်း လက်ရာအလွန်မြောက်လှပြီး ပန်းချီပညာရှင်မှာ ဆရာအေး၏တပည့် ဆရာကျောက်ဖြစ်သည်။ တန်ဆောင်း၊ ပြာသာဒ်ကြီး၏ ပန်းပုဗိသုကာလက်ရာရှင်မှာ ဆရာဆိုင်ဖြစ်သည်။ ဆရာဆိုင်မှာ စောင်းတန်းဦး တန်ဆောင်းပြာသာဒ်ပန်းပုပညာရှင် ဆရာခင်၏သားဖြစ်ရာ မြင်းမူမြို့ ရွှေစောလူးဘုရားရင်ပြင်



ပေါ်တွင် မန္တလေးမြို့သား ပန်းပုပညာရှင်သားအဖနှစ်ဦး၏ လက်ရာများကို ထူးထူးခြားခြား တစုတစည်း တွေ့မြင်လေ့လာခွင့်ရနိုင်သည်။ တန်ဆောင်းပြာသာဒ်အလှူရှင်မှာ မြင်းမူမြို့မှ ဦးဘိုးစိန်၊ ဒေါ်ညိမ့်မိသားစုတို့ဖြစ်သည်။

အလယ်အာရုံခံပြာသာဒ်တော်ကြီး၏ မြောက်ဘက်၊ အုတ်တိုက်အာရုံခံတစ်ဖက်တွင် မြန်မာမှုပန်းပုလက်ရာများ ခြယ်မှုန်းထားသည့် သစ်သားတန်ဆောင်းတစ်ဆောင်လည်းရှိသည်။ ပြဿဒ်အပြောက်အမွမ်းများမပါသော်လည်း အတွင်းဘက်တွင်လက်ရာမြောက်လှသည့် ပန်းချီဆရာအေး၏ နိပါတ်တော်ပန်းချီကားများကို ချိတ်ဆွဲထားသည်။ ပန်းချီကားများအောက်ခြေနှင့် တန်ဆောင်းအပြင်ဘက်နံရံတို့တွင် မဟာပဒုမဇာတ်၊ မောင်ပေါင်တိုဇာတ်ရုပ်တုရုပ်ကြွများကို ထုလုပ်ခြယ်မွမ်းထားရာ လက်ရာမြောက်လှပေသည်။ တန်ဆောင်းကုသိုလ်ရှင်၊ ပန်းပုဗိသုကာလက်ရာရှင်နှင့် ခုနှစ်သက္ကရာဇ်မတွေ့ရသော်လည်း အခြားတန်ဆောင်းကြီးနှင့် ခေတ်ပြိုင်ဖြစ်နိုင်သည်။

ထို့အပြင် လက်ရာထူးခြားလှသည့် ပန်းတော့လက်ရာ ရုပ်စုံအုတ်ပြာသာဒ်တစ်ခုကိုလည်း လေ့လာနိုင်သေးသည်။ အဆိုပါ ရုပ်စုံအုတ်ပြာသာဒ်မှာလက်ရာမြောက်လှပြီး အင်္ဂတေထပ်ပန်းကြွများ၊ အင်္ဂတေရုပ်လုံးကြွများဖြင့် လှပစွာ တည်ဆောက်ထားသည်။ အင်္ဂတေပန်းတံကဲအပေါ် ပထမပစ္စယာတွင် “မရွှေဥကျားချီခန်း”၊ “ရက်ကန်းစင်တွင် မယ်ဥကို ရွှေဖျဉ်းငယ် ချစ်ရေးဆိုခန်း” အင်္ဂတေရုပ်ကြွရုပ်လုံးဇာတ်ကွက်သရုပ်ဖော်ပုံ၊ ဒုတိယ ပစ္စယာတွင် ‘ပန်းပဲမောင်တင့်တယ် နှမငယ်တစ်ဦးကို ပခုံးထမ်း၊ တစ်ဦးကို လက်မှဆွဲကာ မင်းပြစ်မင်းဒဏ်မှ ထွက်ပြေးတိမ်းရှောင်ပုံ’ နတ်ရာဇဝင် သရုပ်ဖော် အင်္ဂတေပန်းတော့လက်ရာများကို လက်ရာမြောက်စွာ တွေ့ရသည်။ အုတ်ပြာသာဒ်ကုသိုလ်ရှင်မှာ ဦးအောင်မူ၊ ဒေါ်သိန်းမြင့် ကောင်းမှုဖြစ်ပြီး ပန်းတော့ပညာရှင်မှာ ပန်းရန်ဆရာဝမ်းပြည့်ဆရာဆယ်ဖြစ်သည်။

မြင်းမူမြို့ ရှင်ပင်ရွှေစောလူးစေတီတော်ကြီးတွင် မြန်မာမှုလက်ရာ ရှေးဟောင်းပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းယွန်း ဗိသုကာလက်ရာမွန်များ တစုတစည်း တည်ရှိလျက်ရှိနေရာ သွားရောက်ဖူးမြော်လေ့လာသင့်ပေသည်။ အဆိုပါ ရှေးဟောင်းအမွေအနှစ် မြန်မာမှု အနုလက်ရာမွန်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်လှပေသည်။ အထူးသဖြင့် သစ်သားတန်ဆောင်းပြာသာဒ်တော်ကြီးများဖြစ်၍ မီးဘေးအန္တရာယ်ကို အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**နန္ဒာမင်းလွင်**

# မိုးပုရစ်များ ဈေးကောင်း

**အင်းတော် မေ ၁၁**

မိုးဦးရာသီအစတွင် ထွက်လာလေ့ရှိသော မိုးတွင်းပုရစ်များဈေးကောင်းလျက်ရှိသည်။ အင်းတော်မြို့နယ်တွင် ထိုမိုးပုရစ်များမှာ အကောင် ၁၀၀ လျှင် ငွေကျပ် ၁၂၀၀ ဈေးဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

“ဒီလို မိုးဦးကျကာလမှာ ထွက်လာတဲ့ အကောင်တွေက သိပ်ပြီးတော့ အဆီအနှစ်မရှိဘူး။ အကောင်က နုသေးတယ်။ အထဲမှာ မျိုးဥတွေ မရှိသေးဘူး။ ဆောင်းတွင်းမှာ ပေါ်လာတဲ့ အကောင်တွေကမှ အဆီအနှစ် တွေနဲ့။ အထဲမှာ မျိုးဥတွေရော ဆိုတော့ ပိုစားကောင်းတယ်။ အခုအချိန်မှာက ဗိုက်ထဲမှာ ဟောင်းလောင်းနဲ့ သိပ်စားမကောင်းဘူး။ ဒါပေမယ့် စားချင်တော့ အကောင် ၂၀၀ ဝယ်လိုက်တယ်။ ၁၀၀ ကို ငွေကျပ် ၁၂၀၀ ဈေးဆိုတော့ ငွေကျပ် ၂၄၀၀ ဖိုးပေါ့” ဟု ပုရစ်ဝယ်စားသူတစ်ဦးက ပြောပြသည်။

“ဒီမိုးပုရစ်တွေက ဆီပိုကုန်တယ်။ ဆောင်းတွင်းပုရစ်လည်းကုန်တာပဲ။ အကောင် ၁၀၀ ဆိုရင် ဆီတစ်ဆယ်သားလောက်နဲ့ ကြော်မှ စားလို့ကောင်းတာ။ ဆီနည်းရင်အကောင်က မကြွပ်တော့ဘူး။ ပျော့အိအိနဲ့ သိပ်စားလို့မကောင်းဘူး။ ဆီများများနဲ့ ဆိုတော့ ကြွပ်ကြွပ်ကလေး စားလို့လည်းကောင်းတယ်။ ထမင်းနဲ့စားစား၊ လက်ဖက်ရည်စာအနေနဲ့ပဲ စားစား အဆင်ပြေတယ်”ဟုစားသုံးသူတစ်ဦးက ပြောပြသည်။ **သော်တာဆွေ(မြန်မာစာ)**



# မြစ်ကြီးနား၌ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

**မြစ်ကြီးနား မေ ၁၁**

မေ ၈ ရက်က မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်အတွင်းတွင် ဘိန်းဖြူမှုန့်သယ်ဆောင်လာသူတစ်ဦးကို မြစ်ကြီးနား မူးယစ် (အထူး)အဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့လယ်ကုန်း ရပ်ကွက် ခတ်ချိုကူးတို့ဆိပ်ကမ်း၌ မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးနေကြောင်း သတင်းအရ မြစ်ကြီးနားမူးယစ်(အထူး)မြို့ပေါ်လှုပ်ရှားအဖွဲ့မှ ရဲအုပ်ဝါဝါကြွယ် ဦးစီးတပ်ဖွဲ့ဝင်များက သက်သေများနှင့်စောင့်ဆိုင်းနေရာ မသင်္ကာဖွယ်တွေ့ရှိသူ မမီမီထွန်းဆိုသူအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် အနက်ရောင်ကုတ်အင်္ကျီဘယ်ဘက်အိတ်ကပ်အတွင်းမှ ကြွပ်ကြွပ်အိတ်အနက်ရောင်ဖြင့် ထုပ်ပိုးလျက် ကော်ဘူးငယ် ငါးဘူးအတွင်းမှ ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ဘိန်းဖြူမှုန့် ၁ ဒသမ ၇၅ ဂရမ်အား သိမ်းဆည်းရမိခဲ့သည်။ **မိုယ်းကျ (မြစ်ကြီးနား)**

## သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ ခုနှစ်၊ မေလ ၁၉ ရက်မှ ၂၆ ရက်အထိ (၇)ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးရေဝတ(မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မေလ ၁၈ ရက်(စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။







### ပျောက်ဆုံးကြောင်း

ကျွန်မ မခင်သီတာဆွေ[၁၂/ကတတ(နိုင်)၀၀၅၅၅၂]၏ ပတ်စပို့စာအုပ် A-201934 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:0973046469

### ပျောက်ဆုံးကြောင်း

ကျွန်မ ကြည်ဖြူခိုင်[၁၂/တမန(နိုင်)၁၂၄၂၉၁]၏ ပတ်စပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:0973046469

## ဇမ္ဗူမေတ္တာကျောင်းတိုက် မိုးကုတ်ဝိပဿနာ (၇)တရားစခန်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ရာဇကုမ္မာလမ်းရှိ ဇမ္ဗူမေတ္တာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ မေလ ၂၀ ရက်မှ ၂၆ ရက်ထိ (၇)ရက်တရားစခန်းကျင်းပမည်။ တရားစခန်းဝင်လိုသူများသည် မေလ ၁၉ ရက် ညနေ ၅ နာရီ အရောက်လာရန်နှင့် အသေးစိတ်သိလိုက ဖုန်း-၀၉ ၇၃၉၀၂၇၁၇၊ ၀၉-၄၉၂၈၅၃၅၄ သို့ စုံစမ်းနိုင်သည်။ တရားစခန်းပွဲတွင် ဇမ္ဗူမေတ္တာဆရာတော်အရှင်ပဏ္ဍိတကသစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ကွန်ပျူတာပါဝါပွိုင့်ဖြင့် ဟောကြားမည်ဖြစ်ပါသည်။

## ရောင်းမည်

အမျိုးသမီးဝတ် အထည်မျိုးစုံနှင့် ဆိုင်တွင်းရှိပစ္စည်းများအား ဆိုင်ဖြုတ်ဈေးဖြင့် ရောင်းမည်။

**အမှတ်(၂၆)(ဘီ)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။**

**Ph:09-2002334, 09-2003178, 01-249075**

## ခြံရောင်းမည်

လှိုင်သာယာမြို့နယ်၊ အဆင့်မြင့် (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်းမတန်း၊ တပင်ရွှေထီးအအေးခန်းဧည့်ရိပ်သာအနီး၊ ချမ်းလုံစားသောက်ဆိုင်အရှေ့၊ အကျယ်ပေ (၆၀ × ၅၀)အဆောက်အအုံ(၂)လုံး၊ မီတာ (၂)လုံးပါ၊ ဂရန်အမည်ပေါက်။ ရောင်းဈေးသိန်း(၂၂၀၀)။ **စုံစမ်းရန်ဖုန်း-၀၁-၅၁၁၈၉၇**

## ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၂)လမ်းရှိ မြေညီထပ်မှ ဒါဘာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။

(သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးနှင့်ကပ်လျက်)

အဆင့်မြင့်ပြင်ဆင်ပြီး လူနေရန်အသင့်ဖြစ်သည်။

**ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇**

## အိမ်၊ ခြံ၊ မြေ ဖွံ့ဖြိုးမှုသင်တန်း

- အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း လက်တွေ့ ထုထောင်ခြင်း
- အရောင်း၊ အဝယ်၊ အငှားစာချုပ်ချုပ်ဆိုရေးသားနည်း။
- အိမ်၊ခြံ၊ မြေနှင့် ဆက်စပ်နှီးနွှယ်သော ဥပဒေများ
- အကျိုးဆောင်လုပ်ငန်းဖွင့်လှစ်လိုသူများသိကောင်းစရာ
- အပေါင်အနှံ ကိစ္စများ
- ပိုင်ဆိုင်မှု စစ်ဆေးခြင်း
- Marketing & Comunication

**မေလ ၁၈ ရက် သင်တန်းစမည်**

**(စနေ၊ တနင်္ဂနွေ) တန်းခွဲ သင်တန်းချိန် နံနက် 9;00 am to 11;00 am**

**PMZ Training, Consultancy & General Services**

**အမှတ်(၅) လှည်းတန်း(၅)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉- ၄၂၀၀၅၄၉၆**

**Email; nunuaye 1961 @ gmail .com**

# Myanmar Technologies Industry Co.,Ltd.
# No-8/L, Mindama Road, Mayangon Township, Yangon.

ဤကုမ္ပဏီက မကြာမီဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီဟိုတယ်သစ်တွင် တာဝန်ထမ်းဆောင်လိုကြသည့် နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်၊ ကာယ-ဉာဏ ဟိုတယ်လုပ်သားများ၏ အလုပ်လျှောက်လွှာများကို လက်ခံစိစစ် ရွေးချယ်တာဝန်ပေးလိုပါသည်။

ရွေးချယ်ခံရပါက လုပ်ငန်းခွင်ဝင်လေ့ကျင့်သင်ကြားမှု သင်တန်းများ တက်ရောက်ကြရမည်ဖြစ်ပြီး၊ မိမိထမ်းဆောင်ရမည့် တာဝန်ရာထူး အလျောက်ထိုက်တန်သော လစာခံစားခွင့် နိုင်ငံတကာအဆင့်မီဟိုတယ် ဝန်ထမ်းများကဲ့သို့ အလုပ်ခွင်ဝင် စားသောက်၊ဝတ်ဆင်၊ နေထိုင်ရေး အခွင့်အလမ်းများနှင့်တကွ လစဉ်အချိုးကျ ဝန်ဆောင်မှုဆုကြေးငွေ (Service Money)ကို ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

လျှောက်ထားသူသည် ကာယ၊ဉာဏ၊ စာရိတ္တကျန်းမာကြံ့ခိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်သည့်အပြင် အလုပ်ကို ၃ နှစ် တစ်ဆက်တည်း လုပ်ကိုင်နိုင်သော သတ်မှတ်အသက်ပြည့်မီသူ ဖြစ်ရပါမည်။

ထို့အပြင် မိဘအုပ်ထိန်းသူများ၏ သဘောတူညီခွင့်ပြုချက်ရှိပြီး ရာဇဝတ်မှုကင်းရှင်းသူဖြစ်ရပါမည်။

လျှောက်ထားသူသည် အောင်မြင်ခဲ့သော ပညာအရည်အချင်း တတ်မြောက်သင်ကြားခဲ့သည့် အတတ်ပညာသင်တန်းဆောင်ရွက်ခဲ့ဖူးသောလုပ်ငန်းနှင့်တာဝန် တက်ရောက်ခဲ့ဖူးသည့် ဟိုတယ်လုပ်ငန်းဆိုင်ရာ အဆင့်ဆင့်သင်တန်းအောင်မြင်မှု(ရှိလျှင်)အထောက်အထားများ၊ အကျင့်စာရိတ္တနှင့် အလုပ်လုပ်ကိုင်ရန်အတွက် ထောက်ခံချက်များကို ပူးတွဲဖော်ပြလျက် **၃၁-၅-၂၀၁၃ ရက် နောက်ဆုံးထား၍** အမျိုးသား မှတ်ပုံတင်မိတ္တူမှန်နှင့်တကွ လျှောက်ထားကြရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

**ခန့်ထားတာဝန်ပေးလိုသော ဟိုတယ်လုပ်ငန်းဌာနခွဲများမှာ (Departments)**

(က) ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှု ဦးစီးဌာန (Top Management and Administration)
(ခ) ဟိုတယ်လုပ်ငန်းဘဏ္ဍာရေး ထိန်းသိမ်းရေးဌာန (Financial Management and Control)
(ဂ) ဟိုတယ်ဧည့်ကြိုလုပ်ငန်းဆောင်ရွက်မှုနှင့် စီးပွားဆက်ဆံရေးဖွံ့ဖြိုးမှုဌာန (Hotel Front Office Operations and Public Relations)
(ဃ) ဟိုတယ်အိပ်ခန်းဆောင်ထိန်းသိမ်းရေးဌာန (Hotel Housekeeping Services)
(င) ဟိုတယ်အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး ဝန်ဆောင်မှုဌာန (Food & Beverages Services)
(စ) ဟိုတယ်အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးလုပ်ငန်းဌာန (Food & Beverages Production)
(ဆ) ဝယ်ယူရေး၊ ဖြည့်တင်းရေးနှင့် ကုန်ပစ္စည်း ထိန်းသိမ်းရေး (Procurement, Processing & Store keeping)
(ဇ) ဟိုတယ်အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေး၊ နေထိုင်မှုလုံခြုံကြံ့ခိုင်ရေး အင်ဂျင်နီယာဌာန (Engineering Maintenance and Replacing Works)

အထက်ဖော်ပြပါ လုပ်ငန်းဌာနခွဲအလိုက် လုပ်ငန်းတာဝန်အဆင့်ဆင့်အနက် မိမိဆောင်ရွက်လိုသည့် လုပ်ငန်း၊ ရာထူးအဆင့်ကို အနိမ့်ဆုံး မျှော်မှန်းလစာ ဖော်ပြလျက် လျှောက်ထားကြရန် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့**

**လမ်းညွှန်**-ပါရမီလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းကြား၊ မင်းဓမ္မလမ်း Gold Crane ကားအရောင်းပြခန်း (ဘေး)မှဝင်ရန်

## ရွှေတိဂုံစေတီတော်
## နောင်တော်ကြီးစေတီနှင့် အထက်ပစ္စယံစေတီရံများ
## ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့်
## ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပမည်

ရွှေတိဂုံစေတီတော်ရင်ပြင် နောင်တော်ကြီးစေတီ၊ အထက်ပစ္စယံစေတီရံများအား ၂၀၁၂-၂၀၁၃ခုနှစ်အတွင်း ရွှေသင်္ကန်းတော် အသစ်ပြန်လည်ကပ်လှူပူဇော်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်ပါ၍ ၁၈-၅-၂၀၁၃ရက် (စနေနေ့)နံနက် ၇နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်များ အပါအဝင် သံဃာတော်(၁၀၈)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ရေစက်ချ မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းတွင် ပါဝင်ကုသိုလ်ပြု လှူဒါန်းထားကြသော အလှူရှင်များမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေနိုင်ရန် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၈)၊ မြေကွက်အမှတ်(၁၄၉)၊ မြေကွက်တည်နေရာအမှတ်(၁၄၉)၊ ၁၄၈ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဒေါ်ခင်မမအောင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်မမအောင်[၁၂/တမန(နိုင်)၀၄၄၈၁၃၉]မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၇/၂၀)၊ မြေကွက်တည်နေရာအမှတ်(၇/၂၀)၊ မြိတ်လမ်း၊ ၂၁ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (ဦးကြီးမြင့်)[၁၂/မဂတ(နိုင်)၀၆၈၅၄၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**













### စာအုပ်စာပေ လူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁/ဋ-၁)၊ မြေကွက်တည်နေရာအမှတ်၄၉၉၊ ဓမ္မာရုံလမ်း၊ ၁၀ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ဦးမြ)အမည်ပေါက် ဘီ မြေပိုင်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၄၂၆၁/၂၃-၁၀-၂၀၀၇ဖြင့် ဦးငွေစိုး[၁၂/ဗတထ(နိုင်)၀၁၄၆၆၁]၊ ဦးတိုးသာ[၁၂/လမန(နိုင်)၀၆၂၉၀၅]၊ ဦးထွန်းအေး[၁၂/လမန(နိုင်)၀၆၂၈၆၉]၊ ဒေါ်မြသွင်[၁၂/လမန(နိုင်)၀၆၂၆၇၈]၊ ဒေါ်လှမြင့်[၁၂/လမန(နိုင်)၀၆၂၇၁၄]၊ ဒေါ်ကြည်ကြည်စိန်[၁၄/ဟသတ(နိုင်)၀၀၆၁၄၇]၊ ဦးသာထွန်း[၁၂/လမန(နိုင်)၀၆၁၆၂၇]၊ ဦးတင်ထွဋ်အောင်[၁၂/လမန(နိုင်)၀၆၂၇၀၂]၊ ဦးသူရအောင်[၁၂/လမန(နိုင်)၀၀၄၉၂၉]၊ ဦးဇော်မင်းသိုက်[၁၂/လမန(နိုင်)၀၀၅၀၁၉]၊ ဦးထူးအောင်သိုက်[၁၂/လမန(နိုင်)၀၀၅၀၁၄]နှင့် ဦးထင်အောင်သိုက်[၁၂/လမန(နိုင်)၁၂၄၇၀၉]တို့မှ ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့အနက် ဦးသာထွန်း ကွယ်လွန်သဖြင့် ဒေါ်သန်းရီ[၁၂/လမန(နိုင်)၀၉၁၀၀၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးသာထွန်း၏အစုအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် ကျန်ပိုင်ဆိုင်သူ (၁၁)ဦးနှင့်ပူးတွဲ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဂုဏ်ထူးဆောင်လက်မှတ် ရရှိသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ် ဦးဆောင်မှု အောက်ရှိ လုပ်ငန်းဆိုင်ရာအသင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်များမှ အဖွဲ့ဝင်များအား မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၃၀.၄.၂၀၁၃ ရက်နေ့တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းဗဟိုဌာန ညီလာခံခန်းမကြီး၌ ကျင်းပပြုလုပ်သော နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဂုဏ်ထူးဆောင်လက်မှတ် ရရှိခဲ့ကြသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ လုပ်ငန်းဆိုင်ရာအသင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်များမှ အောက်ဖော်ပြပါ အဖွဲ့ဝင်များအား မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

## နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ

**ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု**

(၁) ဦးလှသန်း၊ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်
ပထော်ပထက်ကျွန်း၊ ကျွန်းစုမြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး

**စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးတောင်သူလယ်သမားဆု**

(၂) ဦးသိန်းမြင့်၊ ဥက္ကဋ္ဌ၊ ပဲခူးခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မင်းကုန်းကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

## နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ

**ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု**

(၃) ဦးရွှေကြိုင်၊ ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊
ဥက္ကဋ္ဌ၊ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီလီမိတက်
သောင်ဇာကျေးရွာအုပ်စု၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု**

(၄) ဦးကျော်မိုးခိုင်၊ ဘဏ္ဍာရေးမှူး၊ လက်ပံတန်းမြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်
မင်းရပ်ကျေးရွာ၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

**တန်ဖိုးမြှင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု**

(၅) ဒေါက်တာအောင်လွင်၊ ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း၊
မန်နေးဂျင်းဒါရိုက်တာ၊ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်

**စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးတောင်သူလယ်သမားဆု**

(၆) ဦးချစ်သိန်း၊ ဒု-ဥက္ကဋ္ဌ၊ ရွှေဘိုခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မင်းကုန်းကျေးရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

**- ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်- မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိလုပ်ငန်းဆိုင်ရာအသင်းများ**

**- တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်များ**

# (၄)နှစ်ပြည့် လွမ်းဆွတ်အမှတ်ဝေခြင်း

## ဗိုလ်မှူးချုပ်ကောင်းမြတ်

**B.Sc(D.S.A),M.A(DEFENCE)**

**(၁၁-၅-၂၀၀၉)-(၁၁-၅-၂၀၁၃)**

- ကောင်းကင်မိုးပြာ၊ အဇမ္ဗူဝယ်
  တာရာစုံခါ၊ လပြည့်ညတည့်
  လရောင်ဖွေးဖွေး၊ ပန်းတို့မွှေးခိုက်
  သွေးနှင့်ရေးခြယ်၊ တစ်ပွင့်ကြွယ်လျှင်
  လွင့်ပြယ်မြေခါ၊ ကြွေခဲ့ရသည့်
  ကာလလေးနှစ် လည်ခဲ့ပြီ။
- ကြွေခဲ့ကြယ်တွေ၊ မတွက်ရေနိုင်
  သည်မြေတံ့တည်၊ အစွန့်ရှည်ဖို့
  သွေးနီပွက်ဆူ၊ စွန့်ရဲသူတွေ
  ဂုဏ်ယူပေလျက်၊ မျက်ရည်စက်ဖြင့်
  သည်းတက် အကွာရာကမ္ပည်းတင်။
- သြော်---
  ဘဝများစွာ၊ သတ္တဝါတို့
  အိုနာသေရေး၊ ဒုက္ခဘေးကို
  ရှောင်ပြေးခြင်းငှာ၊ မလွတ်သာဟု
  မှန်စွာအသိ၊ ရှိပါဘိလည်း
  မချိသောရင်၊ ပုထုဇဉ်မို့
  ဆွတ်ကျင်တမ်းတ၊ ဖြေမရခဲ့
  သောကလောင်မီး၊ တောက်လောင်ငြီးဆဲ
  သမီးနှင့်သား၊ ပွေ့ဖက်ထားရင်း
  အားသစ်မွေးလျက်၊ ခရီးဆက်ခဲ့။
- ဖခင်-ခင်ပွန်း၊ ရည်ရွယ်ညွှန်းလျက်
  သွန်းပြုထိုထို၊ မြတ်ကုသိုလ်အား---
  သတ္တဝါအနန္တ၊ ဝေနေယျသို့
  အမျှမေတ္တာ၊ ပေးဝေပါ၏
  ကြည်သာချမ်းမြ၊ ထပ်တူရလျက်
  ပြင်းစွဖိစီး၊ တောက်လောင်ငြီးသည့်
  မီးကိလေသာ၊ ဆယ့်တစ်ဖြာလျှင်
  မှန်စွာအပြီးသိမ်းပါစေ။
  သံသရာမီးငြိမ်းပါစေ။

အမျှ--အမျှ--အမျှ-- ပေးဝေအပ်ပါသည်။

**ဇနီး-ဒေါ်ခင်ခင်ထွေး**
**သား-မောင်ကောင်းကျော်မြတ်**
**သမီး-မလှမြတ်နိုးခင်**

---

# (၃)နှစ်မြောက်လွမ်းဆွတ်သတိရခြင်း

**(၁၂-၅-၂၀၁၃)**

**မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဒု) ဥက္ကဋ္ဌဟောင်း၊**
**ပြန်ကြားရေးဝန်ကြီးဌာန သီချင်းကြီးစိစစ်ရေးဘုတ်အဖွဲ့ဝင်ဟောင်း၊ ဆို-က-ရေး-တီး ပြိုင်ပွဲကြီး၊ အတီးအကဲဖြတ်ဒိုင်**

## နိုင်ငံကျော်စာဆိုဂီတမှူး ရွှာစာကြီးဦးစိန်လှမြိုင်

**(ဝိဇ္ဇာပညာထူးချွန်ဆု- ဒုတိယအဆင့်၊ လူမှုထူးချွန်- ပထမဆင့်၊ ဒုတိယဆင့်)**

"ရွှေဒေါင်း ကြိုးကြာ အသဃ ဝေါ်နော ဥဩ ဆိတ် ဆင် (၇)သံနဲ့ ပျော်စရာ သီချင်းတွေ ရေခဲ့တဲ့ ဆရာ--၊ အော်ပရာတေးတွေ ရေးခဲ့တဲ့ ဆရာ--၊ တပည့်များကို တံဆိပ်တွေခတ်နှိပ်ပေးခဲ့တဲ့ ဆရာ--ပတ်လုံးလေးတွေပေါ်က ပျံ့ဝဲနေတဲ့ဆရာ့လက်သံ၊ စန္ဒာရားခလုတ်လေးတွေပေါ်က အံခဲနေတဲ့ ဆရာ့မာန်၊ အဲဒီထန်တွေ မာန်တွေနဲ့ ကျွန်တော်တို့တပည့်တွေရင်ထဲမှာ ပတ်မကြီးရဲ ဗေထိသံညံပြီး ကျန်ခဲ့ပါပြီ ဆရာရယ်-

ဆရာကတော့--ငါးပေါက်လေးနဲ့ ဘုံရွှေနန်းအပိုဒ်ကို နိဗ္ဗာန်ခရီး ပျော်ပျော်ကြီး တီးနေပြီပေါ့-- ဆရာရယ်"လို့ နိုင်ငံကျော်မင်းသားကြီး ဦးနန်းဝင်း ရေးခဲ့တဲ့ ကဗျာလေးအတိုင်း ဖေဖေက နိဗ္ဗာန်ခရီးကို သွားနေပါပြီ။ ဖေဖေရဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ ကျေးဇူးတွေကို တစ်နေ့မှ မမေ့မရပါ။

ယခုဖေဖေ ကွယ်လွန်ခြင်း(၃)နှစ်ပြည့်၊ မေမေ ကွယ်လွန်ခြင်း(၁၄)နှစ်ပြည့်တွင် ရဟန်းခံရှင်ပြု အလှူမင်္ဂလာပြုလုပ်ခြင်းနှင့်အတူ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်သမျှ ကုသိုလ်ဒါန အစုစုတို့ကို အမျှပေးဝေပါတယ်။ ဖေဖေ- မေမေနှင့် နတ်လူသာဓု ခေါ်စေသော်

**အမျှ-အမျှ-အမျှ**

**ကျန်ရစ်သူမိသားစု**

---

# (၂)နှစ်ပြည့်အလွမ်း

## ဒေါ်တင်တင်မော် (B.Sc-Phys)

(၁၂-၅-၂၀၁၁ - ၁၂-၅-၂၀၁၃)

မမော်ရေ

သူငယ်ချင်းတွေ အုပ်စုထဲက အစောဆုံး ထွက်သွားခဲ့တာ (၂)နှစ်ပြည့်ခဲ့ပြီနော်။ သူငယ်ချင်းတွေဆုံတိုင်း သတိတရရှိကြပါတယ်။ တက္ကသိုလ်ကျောင်းကြီးထဲကို ရူပဗေဒဆရာကန်တော့ပွဲနေ့က ရောက်ဖြစ်ကြတယ်၊ သူငယ်ချင်းတွေဆုံတော့ မမော်ကို အရမ်းသတိရမိကြရတယ်။ ဘယ်တော့မှမမေ့နိုင်ပါဘူး မမော်ရယ်၊ ကောင်းမွန်တဲ့ ဘုံဘဝတစ်ခုမှာ မမော်ရောက်ရှိနေမယ်လို့ ယုံကြည်ပါတယ်။

**ရန်ကုန်တက္ကသိုလ်(ရူပဗေဒ)**
**၁၉၈၈ မှ ချစ်သူငယ်ချင်းများ**
**ရာဂျူး၊ ထူးကြီး၊ အောင်ကြီး၊ စိုးမြင့်၊ သင်းမောင်၊ ချစ်ကို**
**မိုးမိုး၊ စိုးခိုင်၊ ရေခဲချောင်း(မော်)၊ သိဂီ၊ ခိုင်ခိုင်၊ အေးအေးစန်း၊ မဖြူ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆(စီ)၊ မြေကွက်အမှတ်-၂၇အေ/၂ -၃၊ မြေကွက်တည်နေရာအမှတ်(၁၁၁/စီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်(ဒေါ်ခင်မာကြည်(ခ)ဒေါ်တင်ကြည်) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်မာကြည်(ခ)ဒေါ်တင်ကြည်နှင့်ခင်ပွန်း ဦးတင်မောင်ကွယ်လွန်သဖြင့် ဦးသန့်ဇင်[၁၂/ကမရ(နိုင်)၀၄၄၆၅၀]နှင့် ဒေါ်ဝါဝါ[၁၂/ကမရ(နိုင်)၀၀၃၀၁၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/ ၅၉၃၇၊ အမျိုးအမည် (Isuzu Bighorn UBS 69 GW) အမျိုးအစား S/Wယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းအောင် မှတ်ပုံတင်အမှတ်[၁၂/တမန(နိုင်)၀၅၇၁၀၈] ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၃၀ယ/၉၆၂၂၊Kenbo110 ယာဉ်လက်ဝယ်ရှိသူအမည်ဦးသိန်းမျိုးထက် မှတ်ပုံတင်အမှတ် [၉/မထလ(နိုင်)၂၃၈၀၁၄] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

---

# နှစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဒေါ်တင်တင်မော်

## (၁၂-၅-၂၀၁၁ မှ ၁၂-၅-၂၀၁၃)

ချစ်ဇနီးမော်-

ဘဝခရီးတစ်လျှောက်လုံးမှာ ချစ်ခင်ကြင်နာမှု၊ အားပေးနှစ်သိမ့်မှုတွေနဲ့ မိသားစုပျော်ရွှင်ချမ်းမြေ့အောင် ဖန်တီးပေးနိုင်ခဲ့တဲ့ချစ်ဇနီး၊ ဘဝကံကြမ္မာဆိုးကြောင့် ချစ်ခင်မြတ်နိုးလှတဲ့ မိသားစုကို ရုတ်တရက် စွန့်ခွာသွားရရှာတဲ့ ချစ်ဇနီးရယ်၊ (၂)နှစ်ပြည့်ခဲ့ပေမယ့် ရင်နှင့်အမျှ လွမ်းဆွေးသတိရလျက်ပါ။ သမီးနဲ့သားကို ဖက်ထားပြီး ချစ်ဇနီးဓာတ်ပုံကို ငေးကြည့်ကာ တမ်းတကြေကွဲစွာ ခံစားခဲ့ရတဲ့နေ့ရက်တွေဟာ (၂)နှစ်တာကာလမှာ မရေတွက်နိုင်ခဲ့တော့ပါဘူး ချစ်ဇနီးရယ်၊

ချစ်ဇနီးရှိစဉ် နှစ်စဉ် လှူနေကျ ကုသိုလ်ဒါနတွေကိုလည်း အစဉ်အလာမပျက် ဆက်လက်လှူဒါန်းခဲ့ပါတယ်။ အဲဒီအလှူတွေမှာ ရေစက်ချအမျှဝေဖို့အတွက် ဆရာတော်တွေက ချစ်ဇနီးရဲ့အမည်ကို ခေါ်လိုက်တဲ့ အချိန်မှာတော့ ရင်ထဲက ဝမ်းနည်းကြေကွဲမှုနဲ့အတူ မျက်ဝန်းထဲ ပြည့်လာတဲ့ မျက်ရည်တွေဟာ ဘယ်လိုမှ ထိန်းနိုင်စွမ်းမရှိတော့ဘဲ ရေစက်နဲ့အတူ ရေစက်ခွက်ထဲသို့ တစ်စက်ချင်းကျဆင်းခဲ့ရပါပြီ ချစ်ဇနီးရယ်၊ နှစ်နှစ်တာ ကာလအတွင်း အခုလို မျက်ရည်ရေစက်ချခဲ့ရတဲ့ အကြိမ်ပေါင်းလည်း မနည်းခဲ့တော့ပါဘူးချစ်ဇနီးရယ်။

ရှေးလူကြီးတွေ အမြတ်တနိုးတန်ဖိုးထား ဆုတောင်းပေးလေ့ရှိတဲ့ အိုအောင်မင်းအောင်ပေါင်းကြရပါစေဆိုတဲ့ တောင်းဆုလေးကတော့ တို့ဇနီးမောင်နှံအတွက် ဒီဘဝမှာ မပြည့်ခဲ့ရ ရှာပါဘူး။ သမီးနဲ့သားတို့ခမြာမှာလည်း အေးချမ်းသာယာနွေးထွေးတဲ့ မေတ္တာအလင်းရောင်ကို ပေးစွမ်းနိုင်တဲ့ မာတာမိခင်ဆိုတဲ့ သော်တာလမင်းကြီးကတော့ ငယ်စဉ်ကတည်းက စပြီး ဘဝတစ်လျှောက်လုံးအတွက် ထာဝရ ကွယ်ပျောက်ခဲ့ရရှာပါပြီ။ အတိတ်ဘဝက ကံတွေပဲ ဖြစ်မှာပါ။ ဒီနှစ်နှစ်တာကာလပြုသမျှ ကုသိုလ်အားလုံးကို အာရုံပြုရင်း နောင်သံသရာဘဝဆက်တိုင်းမှာ ဒီမိသားစုဝင်တွေဟာ အခုလို ကံကြမ္မာမျိုး မကြုံတွေ့ဘဲ သာယာချမ်းမြေ့တဲ့ဘဝတွေကို သက်ဆုံးတိုင် မိသားစုတွေ စုံလင်ပြည့်ဝစွာနဲ့ ပိုင်ဆိုင်ကြရပါစေလို့ တောင်းဆုပြုရင်း စီးကျဆဲ ဒီမျက်ရည်တွေနဲ့ပဲ ရေစက်ချအမျှပေးဝေလိုက်ပါတယ် ချစ်ဇနီးရယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ပါမောက္ခ ဒေါက်တာကိုကိုသန့် - ပါမောက္ခ/ဌာနမှူး မျက်စိပညာဌာန ဆေးတက္ကသိုလ်(၂)**
**သမီး-မဝင့်ရှင်းသန့်ဦး - Grade 10 T.T.C**
**သား-မောင်တင်ကိုထူး - Grade 5 T.T.C**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ရှိန်

**အသက် (၉၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၏ ဖခင်ဖြစ်သူ ဦးတင်ရှိန်သည် ၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လုပ်ငန်းခွင်အပတ်စဉ်(၁)**
**ဖောင်ကြီး ဇေယျ(၆၄)၊ တရားရေးအရာရှိများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ရှိန်

**အသက် (၉၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၏ ဖခင်ဖြစ်သူ ဦးတင်ရှိန်သည် ၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**
**တရားသူကြီးများနှင့်တိုင်းတရားရေးဦးစီးမှူး၊ ခရိုင်နှင့်မြို့နယ်တရားသူကြီးများ**

---

# တစ်လပြည့်အလွမ်း

## ဒေါ်စန်းရီ

မိသားစုနှင့် လူတိုင်းအပေါ် မေတ္တာကရုဏာထားစေတနာထား အစစအရာရာ ကူညီပေးတတ်သော တစ်ဘဝလုံး၏ သွန်သင်ဆုံးမ လမ်းပြခဲ့သော ကျေးဇူးရှင်မိခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၂-၅-၂၀၁၃ရက်တွင် တစ်လပြည့်ခဲ့ပါပြီ။ ရင်နှင့်အမျှ နေ့စဉ် တမ်းတသတိရလျက်ပါ။ ယနေ့အထိ ရက်ဆက် ပြုပြုခဲ့သမျှသော ကုသိုလ် အစုစုတို့ကိုလည်း အမေ့ကို အမျှပေးဝေပါတယ်။

အမေရောက်ရာ ဘုံဘဝမှ-သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ပါစေ။

**ချစ်ခင်ပွန်း- ဦးတင်မြင့်**
**ချစ်သားသမီးများ- ဦးသန်းထွန်းအောင်-ဒေါ်တင်မြတ်သွယ်**
**ဦးတင်ထွန်းအောင်-ဒေါက်တာ မိုးမိုးရွှေ**
**ဦးသန့်လွင်ဦး-ဒေါ်သင်းသင်းအောင်**
**ချစ်မြေးများ- မောင်ဝေယံဖြိုးလွင်-မဆုဝင့်ဝင့်အောင်**
**မောင်သုတလင်းထွန်း၊ မဆုသကြ်န်ဦး**
**မောင်ကောင်းဂုဏ်ထူး၊ မောင်ဖွဲ့သွေးညီ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ချောယုံ

**အသက်(၉၇)နှစ်**

ဝိတိုရိယဆေးရုံဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်-ဇနီးဒေါ်ရွှေယင်းမာတို့၏အဘွား ဒေါ်ချောယုံ အသက်(၉၇)နှစ်သည် ၂၇-၄-၂၀၁၃ (စနေနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆရာကြီး၊ ဆရာမကြီးများနှင့်**
**၁၉၈၆ခုနှစ်နောက်ပိုင်း**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**အထက(၁)လသာ(စင်ထရယ်)**

---

# ကျေးဇူးအထူးတင်ရှိခြင်း

## ဦးညွန့်တင်

(မြိတ်မြို့၊ ကျွဲကူးကျေးရွာ)

**အသက်(၇၀)**

၂၁-၄-၂၀၁၃ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သော ဦးညွန့်တင်(မြိတ်အနောက်မြို့နယ် ဘုတ်ပြင်းမြို့ မြန်မာ့စီးပွားရေးဘဏ်၊ မန်နေဂျာ-ငြိမ်း)အား သေဆုံးသည့်အချိန်မှစ၍ နောက်ဆုံးခရီးစျာပနပို့ဆောင်သည့်နေ့အထိ အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သော မြိတ်မြို့ ကျွဲကူးကျေးရွာအဏ္ဏဝါရပ်ကွက်နေ ဦးအင်သန်းနှင့်ဇနီး ဒေါ်တိုးရီတို့အားလည်းကောင်း၊ ဦးအင်သန်းဦးစီးသော ကျွဲကူးကျေးရွာ အဏ္ဏဝါရပ်ကွက် ဘုရားဖူးအဖွဲ့အားလည်းကောင်း၊ မြိတ်မြို့မှ မိတ်ဆွေအပေါင်းအသင်းများအားလုံးအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

**အစ်မ ဒေါ်ဆန်းညွန့်**
**အေးရိပ်မွန်အိမ်ရာ**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

---

# (၁)နှစ်ပြည့်အလွမ်း

## ဒုတိယတပ်ရင်းမှူးဗိုလ်မှူးဇော်နိုင်

စိတ်ထားမွန်မြတ်တဲ့အစ်ကို
ဒီနေ့ဆိုရင် မိသားစုကို ထားခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီ။

ဖခင်တစ်ယောက်လို အားကိုးရတဲ့ အစ်ကို၊ ခင်ပွန်းတစ်ယောက်ရဲ့ တာဝန်နဲ့ သားနဲ့သမီးအတွက် အစားထိုးမရတဲ့ မေတ္တာ ပေးစွမ်းခဲ့တဲ့ အစ်ကို မိသားစုအပေါ် တာဝန်ကျေတဲ့ အစ်ကို

အစ်ကိုအတွက် ရည်စူးပြီး ဒီနေ့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှဝေပါတယ်။

လောကမှာ ဂုဏ်အယူရဆုံး အရာဟာ အစ်ကိုရဲ့ ဇနီးဖြစ်ခဲ့ရတာကိုပါ သားနဲ့သမီးအတွက် အကောင်းဆုံး မေတ္တာတွေပေးပြီး တစ်သက်လုံး ကာကွယ်စောင့်ရှောက်ရင်း မိခင်တာဝန် ကျေသွားမှာဖြစ်လို့ အစ်ကိုသွားလိုရာကို စိတ်ချလက်ချ သွားပါနော်။

အစ်ကိုရေ- အမျှ- အမျှ- အမျှ
အစ်ကို ကောင်းရာသုဂတိလားပါစေ။

**ချစ်ဇနီး- ဒေါ်တင်မာလင်း**
**သား- မောင်ကောင်းဆက်စည်သူ**
**သမီး- မနွေးအိရှွန်းဝေ**






# မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(၁၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ **ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ** စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁-၆-၂၀၁၃(စနေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉နာရီ |
| ကျင်းပမည့်နေရာ | - | MCEA၊ အသင်းရုံးချုပ်စုဝေးခန်းမ၊ ၃(က)၊ ဘော်စင်လမ်း၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်း။ |

**[အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ (မပျက်မကွက်) ကြွရောက်ကြပါရန်]**

နှစ်ပတ်လည်အစည်းအဝေးတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်ရာပြကွက်များဖြင့် ဆောက်လုပ်ရေးဆိုင်ရာ ပြပွဲကိုပူးတွဲကျင်းပမည်ဖြစ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၇၀၂)၊ မြေကွက်တည်နေရာအမှတ်(၇၀၂)၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ ဒဂုံမြောက်(ဦးမြင့်ဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဝင်းနှင့်ဇနီး ဒေါ်လှလှဌေး မိခင်၊ ဖခင်တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်နွယ်နွယ်အေး(ခ)ဒေါ်နီနီမြင့်ဝင်း[၉/ရမသ(နိုင်)၁၀၁၆၉၆]က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအီဘရာဟင်နှင့် ဒေါ်ဆူလေယာဘီတို့၏ သားသမီးများဖြစ်ကြသော ဒေါ်နူရ်ဂျန်ဘီ၊ ဦးမိုဟာမက်ဆလင်း၊ ဦးမိုဟာမက်ဂျိုင်လာနီ၊ ဦးကမာလွတ်ဒင်၊ ဦးကမရွတ်ဒင်၊ ဦးဂျမားလူဒင်နှင့် အများသိစေရန်

သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၁)နေ နိုင်ငံသားကတ်အမှတ်[၁၂/သဃက(နိုင်)၁၃၂၄၀၆]ကိုင်ဆောင်သူ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဘတင်၏ လွှဲအပ်ညွှန်ကြားမှုအရ အောက်ပါအတိုင်း ကြေညာတောင်းဆိုလိုက်ပါသည်။

အစ္စလာမ်ဘာသာဝင် မိဘများဖြစ်သော ဦးအီဘရာဟင်နှင့်ဒေါ်ဆူလေယာဘီတို့တွင် ဦးဘတင်အပါအဝင် သားသမီး (၁၁)ဦးထွန်းကားခဲ့ရာ ၎င်းတို့မှာ (၁)ဟဘီမာမက်(ခ)ဦးမြင့်လွင်(ကွယ်လွန်)၊ (၂)ဟာမက်(ခ)ဦးဘတင်၊ (၃)ဂျလာဒင်(ခ)ဦးကျော်ဝင်း(ကွယ်လွန်)၊ (၄)ဒေါ်နူရ်ဂျန်ဘီ၊ (၅) မိုဟာမက်ဆလင်း(ခ)ဦးစိန်လှဝင်း၊ (၆)ဒေါ်ဇူဘေဒါဘီ(ကွယ်လွန်)၊ (၇)ဂျိုင်လာနီ(ခ)ဦးလှဝင်း၊ (၈)ကမားလူဒင်(ခ)ဦးထွန်းနိုင်၊ (၉)ကမရွတ်ဒင်(ခ)ကျော်ထွန်း၊ (၁၀)ဂျမားလူဒင်(ခ)ဦးစိန်ထွန်း၊ (၁၁)အဒူရာမန်(ခ) မောင်မောင်လေး(ကွယ်လွန်)တို့ဖြစ်ကြကြောင်း သိရှိရပါသည်။

ဖခင်နှင့်မိခင် ကွယ်လွန်သည့်အချိန်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(၁)ဟု ခေါ်တွင်သော (၂)ထပ်အိမ်(၁)အိမ်နှင့် ၎င်းအိမ်ဆောက်လုပ်ထားသော မြေအကျယ်ပေ(၄၀×၆၀)ရှိ မြေကွက်(၁)ကွက်တို့အပြင် အဖိုးတန်စာရွက်စာတမ်းများ၊ အသုံးအဆောင်ပရိဘောဂများလည်း အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရှိခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ ဦးဘတင်အနေဖြင့် ဖော်ပြပါ အမွေဆိုင်ပစ္စည်းများကို အမွေဆိုင်များဖြစ်ကြသည့် ဖော်ပြပါ ဦးအီဘရာဟင်နှင့်ဒေါ်ဆူလေယာဘီတို့၏ဖော်ပြပါ သားသမီးများအကြား အစ္စလာမ်တရားတော်နှင့်အညီ အမွေခွဲဝေရယူလိုပါသဖြင့် ဦးဘတင်ရခွင့်ရှိသော အမွေဝေစုကို ဤကြေညာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခွဲဝေပေးပါရန်အတွက် ဦးဘတင်ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ လာရောက် ညှိနှိုင်းခွဲဝေပေးပါရန် မေတ္တာရပ်ခံ အကြောင်းကြားကြေညာလိုက်ပါသည်။ ပျက်ကွက်ပါက ဦးဘတင်က ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖော်ပြပါ အမွေဆိုင်ပစ္စည်းများကို ဦးဘတင်၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ မည်သည့်လွှဲပြောင်းမှုကိုမျှ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**

| | | |
|---|---|---|
| **ဦးထွန်းမြင့်** | **ဦးသိန်းဝင်း** | **ဦးဇော်မျိုးဟန်** |
| **(စဉ်-၁၅၅၉၆)** | **(စဉ်-၈၃၄၀)** | **(စဉ်-၈၆၁၁)** |

**ဥပဒေအကျိုးဆောင်ရှေ့နေများ**
**ဖုန်း-၀၉- ၄၉၂၃၄၃၇၆၊ ၀၉-၄၄၈၀၄၂၂၅၆၊ ၀၉-၈၅၀၂၅၁၃**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ Demand Machinery Works Co.,Ltd သည် ရန်ကုန်မြို့၊ အမှတ်-၃၄၄၊ (၅လွှာ)၊ အရှေ့လမ်းတို၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက် ဒေါ်ကြည်ကြည်မှတ်ပုံတင်အမှတ်[၁၂/လမန(နိုင်)၀၁၇၂၄၂]ပိုင်တိုက်ခန်းကို ဝယ်ယူရန် ၂၀၁၃ခုနှစ် ၄လ၊ ၅ရက်နေ့တွင် အရောင်းအဝယ်ပြုရန် သဘောတူညီကြပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သည်။ အထက်ပါကိစ္စအရပ်ရပ်နှင့် ပတ်သက်ပြီး ကြေနပ်မှုမရှိပါက ကြေညာပါသည့်ရက်မှ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**Demand Machinery Works Co.,Ltd ထပ်ဆင့် ညွှန်ကြားချက်အရ-**
**ဒေါ်ရှန်ခမ်(LL.B, DBL, DIL, DML)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၀၇၆)**
**၃၆၅(၄လွှာ)၊ အရှေ့လမ်းတို၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၂၂၀၄၆၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ဥတိုကျေးရွာနေ ဦးစိုးသိန်း-ဒေါ်တင်မြတို့၏ သားဖြစ်သော မောင်စိန်ဝင်း [၁၂/တကန(နိုင်)၀၄၈၉၃၆] သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိမိတို့၏သဘောအလျောက် လုပ်ငန်းကိစ္စများကို ထင်ရာပြုလုပ်ခဲ့ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မိမိတို့နှင့် မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**(အဖ) ဦးစိုးသိန်း(BQ-005900)**
**(အမိ)-ဒေါ်တင်မြ (TKI 044070)**

## ယနေ့ မာတိကာ

စောင့်ကြည့်လေ့လာ သတိထားပါ
စာမျက်နှာ - ၂

မြန်မာ့အားကစားအတွက် အနာဂတ်ရတနာသိုက်
စာမျက်နှာ - ၆

သတ္တမမြောက် Star war ရုပ်ရှင်ဇာတ်ကား ဗြိတိန်၌ ရိုက်ကူးမည်
စာမျက်နှာ - ၁၂

ဆရိုနာဝီလျံနှင့် ရှာရာပိုဗာ မက်ဒရစ်အိုးပင်း ပိုလ်လုပွဲတက်
စာမျက်နှာ - ၁၃

# တံတားဦးမြို့နယ် တောင်ပြုံးကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့် ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူ ခံယူနိုင်မည်

ရန်ကုန် မေ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် တောင်ပြုံးကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တိုက်နယ်ဆေးရုံသစ် မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူတို့က တောင်ပြုံးတိုက်နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

# အင်အားအနည်းငယ်ရှိ လျှင်လှုပ်

နေပြည်တော် မေ ၁၁

ယနေ့ နံနက် ၄ နာရီ ၄၁ မိနစ် ၁၅ စက္ကန့်အချိန်တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်ဘက် မိုင် ၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မုံရွာမြို့၏ အနောက်တောင်ဘက်မိုင် ၃၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

**ကြော်ငြာ စာမျက်နှာ အပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာလေးမျက်နှာ အပိုပါရှိပါသည်။

# မေ ၁၆ ရက် နံနက် ၆ နာရီခွဲခန့်တွင် အားကောင်းသည့် မဟာစင် ဖြတ်မည်ခန့်မှန်းထား

**တွေ့ဆုံမေးမြန်း-သူရဇော်**
**ဓာတ်ပုံ-မိုး/ဇလ**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်နှင့်ပတ်သက်၍ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်သတင်းပေးနိုင်ရေးအတွက် မြန်မာ့သတင်းစဉ် သတင်းအဖွဲ့သည် မေ ၁၁ ရက် မွန်းလွဲပိုင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မိုးလေဝသဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်အား သွားရောက်တွေ့ဆုံပြီး မေးမြန်းခဲ့သည်။

**မေး။** မနေ့က ထုတ်ပြန်ထားတဲ့ မုန်တိုင်းငယ်သတင်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေလေးကို ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ အခု ဖြစ်ပေါ်နေတဲ့ မုန်တိုင်းငယ်လေးဟာ ဒီနေ့ မြန်မာစံတော်ချိန် ၁၁ နာရီခွဲလောက်မှာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲသွားပါပြီ။ အဲဒီဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲသွားတဲ့ သူ့ရဲ့ Position က ၇ ဒီဂရီ မြောက်နဲ့ ၉၀ ဒသမ ၅ ဒီဂရီ အရှေ့ဖြစ်ပါတယ်။ တည်နေရာအားဖြင့် ကော့သောင်းကနေ အနောက်တောင်ဘက် မိုင် ၅၁၀ လောက်မှာရှိပါတယ်။ အဲဒါကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ကနေ တိုင်းမယ်ဆိုရင် မိုင် ၅၈၀ လောက်ရှိပါမယ်။ ကိုကိုးကျွန်းကနေဆိုရင်တော့ မိုင် ၄၉၀ လောက် ရှိပါမယ်။ မုန်တိုင်းသွားမယ့် လမ်းကြောင်းက မနက်ဖြန်မှာ အနောက်မြောက်ဘက်ကို ရွေ့သွားပါမယ်။ အနောက်မြောက်ဘက်ကို မေ ၁၃ ရက်အထိ ရွေ့လျားသွားပါမယ်။ အဲဒီနေ့ ညနေပိုင်းလောက်မှာ အရှေ့မြောက်ဘက်ကို ပြန်ကွေ့မယ်။ ပြန်ကွေ့တဲ့အခါ ပုသိမ်မြို့ရဲ့ အနောက်တောင်ဘက် မိုင် ၃၅၀ လောက်ကို ရောက်ပါမယ်။ မေ ၁၄ ရက်မှာ အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ကို ရောက်မယ်လို့ ခန့်မှန်းထားပါမယ်။ များသောအားဖြင့် မေလတွေမှာဖြစ်တဲ့ မုန်တိုင်းတွေရဲ့အားက ချက်ချင်းကျလေ့မရှိပါဘူး။ ဘယ်အချိန်မှ ကျသလဲဆိုရင် ကမ်းကို ဖြတ်တဲ့အချိန်မှ ကျပါတယ်။ ဘာကြောင့်လဲဆိုတော့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

## မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဆိုင်ကလုန်းမုန်တိုင်း(မဟာစင်)နှင့် ပတ်သက်၍ သတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည်

# မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် အထိုက်အလျောက် အကျိုးသက်ရောက်မှုများရှိမည်ဖြစ်ပြီး မုန်တိုင်းဖြတ်သန်းဝင်ရောက်မည့် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းတွင် မုန်တိုင်းဒဏ်ခံစားရမည်ဖြစ်ရာ အထူးသတိပြုလိုက်နာဆောင်ရွက်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်

နေပြည်တော် မေ ၁၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း မဟာစင်(MAHASEN) အဖြစ်သို့ ရောက်ရှိခဲ့ပြီး ကော့သောင်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး မုန်တိုင်းဗဟိုချက်မအနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၅၀ မှ မိုင် ၆၀ အထိ ရှိနိုင်ကြောင်း၊ မဟာစင် ဆိုင်ကလုန်းမုန်တိုင်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ○



